မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၄)

စက်မှုနိုင်ငံတော်ကြီးအဖြစ် ထူထောင်နိုင်ရေး စက်မှုနယ်မြေများ၊ စက်မှုဇုန်များဆောင်ရွက်လျက်ရှိ

မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း မြင့်မားလာရေး ပြည်တွင်းစက်မှုထုတ်ကုန်များဖြင့် အဆင့်မီထုတ်လုပ်

စီးပွားရေးအရတွက်ခြေကိုက်စေရန် စက်စွမ်းအားပြည့်လည်ပတ်

သမိုင်းပေးတာဝန်

နိုင်ငံ၏ အချုပ်အခြာ အာဏာကို ကျူးကျော် ထိပါးရန် ကြိုးပမ်းလျက်ရှိကြသော ကိုလိုနီနယ်ချဲ့လက်သစ်များ၏ အန္တရာယ်များကို တိုင်းရင်းသားပြည်သူအပေါင်းသည် အထူးသတိမူလျက် မိမိ၏ စည်းလုံးညီညွတ် တောင့်တင်းခိုင်မာသော အင်အားဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ -

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး) Heavy Turbo Truck Assembly Shop တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး) Heavy Turbo Truck Assembly Shop နှင့် Gear & Transmission Plant ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကွေးစက်မှုနယ်မြေရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး *စာမျက်နှာ ၃ ကော်လံ ၁* ❍

မကွေးမြို့နယ် မကွေးစက်မှုနယ်မြေရှိ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြု

❖ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အအုံများ လယ်ယာစိုက်ပျိုးရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ
သတင်း-ဓာတ်ပုံ စာ-၆၊ ၇

❖ မြန်မာတိုင်းရင်းသားပြည်သူတို့၏ လွတ်လပ်ရေးစိတ်ဓာတ်နှင့် ရွေးကောက်ပွဲ ဆန္ဒမှန်
နိုင်မျိုးညီလာအောင်၏ ဆောင်းပါး စာ- ၈၊ ၉

❖ လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့လူမျိုး
ရဲထက်၏ ကာတွန်း စာ-၈

❖ တွဲလက်ညီစို့
မောင်စိမ်းနောင်(လယ်ဝေး)၏ ကဗျာ စာ-၉

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်ထိန်းသိမ်းကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ နှစ်ပရိစ္ဆေဒရှည်စွာ ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်ကို သားစဉ်မြေးဆက် မြတ်နိုးခင်မင်စွာထိန်းသိမ်းရင်း အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် တိုင်းရင်းသားများစည်းလုံးညီညွတ်မှုရရှိခဲ့သဖြင့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်နိုင်ခဲ့သည်။ နယ်ချဲ့တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ကြံစည်သွေးခွဲ ခြယ်လှယ်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏လက်အောက်သို့ ကျရောက်ခဲ့ရပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ မျိုးချစ်စိတ်ထက်သန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။

ခက်ခက်ခဲခဲရယူခဲ့ရသော လွတ်လပ်ရေးကို တန်ဖိုးထားစောင့်ရှောက်ကြရမည်မှာ တိုင်းရင်းသားပြည်သူများအားလုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးတို့ကို ရင်းနှီးပေးဆပ်ခဲ့ပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်။ ခါးသီးသော အတွေ့အကြုံများကိုလည်း ခံစားသိရှိခဲ့ပြီး ဖြစ်ကြသည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများသည် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏အန္တရာယ်ကို အစဉ်အမြဲသတိမူလျက် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနှင့် အတူယှဉ်တွဲနေထိုင်ကြပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကြီးကို ထာဝရထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းလေးကန် ရေရှည်တည်တံ့ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့်သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့်သဘာဝပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပြီး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ပယ်ချောင်း ရေကျော် ပြင်ဆင်ထိန်းသိမ်း

တောင်တွင်းကြီး ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်သည့် တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ရန်ပယ်ချောင်းရေကျော် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ရက်က ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက်နှင့် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ကြီးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကျောက်ကြီး ဇန်နဝါရီ ၁

ကျောက်ကြီးမြို့နယ် မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၃ရက် နံနက်က တုံးကြီးကျေးရွာ အုပ်စု ကွင်းအမှတ်(၉၆) ဦးပိုင်အမှတ်(၂၂/၁) တောင်သူ ဦးစိန်ဝင်း၏ လယ်မြေ၌ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးပန်းရွှေ ဦးဆောင်ကြီးကြပ်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းများ ပါဝင်ရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ရိတ်သိမ်းရာတွင် မနောသုခ စပါးတစ်ဧကလျှင် ၈၁ဒသမ ၂၁တင်း ထွက်ရှိသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်မန်နေဂျာက တောင်သူများအား ပန်းတိုင်အထွက်ရရှိရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းဘူးခရိုင်၌ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်

မင်းဘူး ဇန်နဝါရီ ၁

မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ကြာကန်ကျေးရွာ၌ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၈နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင်၊ မင်းဘူး(စကု) မြို့နယ် မြို့နယ်ပညာရေးမှူး ဦးတင်ညွန့်နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကား

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးမောင်မောင်သန်းက ငွေကျပ် ၅၂သိန်း တန်ဖိုးရှိသော ကျောင်းဆောင်သစ်ပြီးစီးရေး ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့က ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်

ထို့နောက် အလှူရှင်များနှင့် သက်ဆိုင်ရာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ကျောင်းဆောင်သစ် အထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် ဒီဇင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် မြို့နယ်မီးသတ် ဦးစီးမှူးဦးထွန်းရီတို့ ဦးဆောင်၍ မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်ရေး သရုပ်ပြ လေ့ကျင့်မှုကို ခရိုင်မီးသတ်ဦးစီး အရာရှိဦးသန်းနိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရွှေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၅)

ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁

ပုလောမြို့နယ်အသင်း၏ ၂၀၁၀ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် နတ်မောက်လမ်း ကန်တော်ကြီးသဘာဝဥယျာဉ် ဗိုလ်ချုပ်ကြေးရုပ်အနီးရှိ Royal Garden Restaurant ၌ ဇန်နဝါရီ ၂၉ရက်(စနေနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ သက်ကြီးအပူဇော်ခံများ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(မြို့နယ်အသင်း)**

အထက(၂)စမ်းချောင်း ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

အထက(၂)စမ်းချောင်း(စိန့်ဖလိုမီနာ)ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂)စမ်းချောင်း စံပယ်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို အထက(၂)စမ်းချောင်း(ရုံးခန်း) ဖုန်း-၅၃၅၄၉၇၊ ဒေါ်ကြူကြူရွေး ဖုန်း-၀၉-၅၀၈၀၃၇၉၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၁၅၈၂၄၃၊ ဒေါ်ရင်ရင်ဝင့်(စန္ဒာ) ဖုန်း-၀၉-၈၀၃၁၂၈၉၊ ဒေါ်ဥမ္မာထွန်းရွှေ ဖုန်း-၅၂၇၇၃၉၊ ဒေါ်မြင့်မြင့်သီ (Ilene) ဖုန်း-၅၀၀၄၁၀၊ ၇၃၀-၄၆၀၃၄၊ ဒေါ်ခင်မာလေး (Cynthia) ဖုန်း-၆၄၂၈၃၅၊ ၀၉-၅၀၅၁၉၆၅၊ ဒေါ်ခင်လေးမွန် (Dolly Aye) ဖုန်း-၀၉-၈၀၂၃၅၆၉၊ ဒေါ်နွယ်နီရင် ဖုန်း-၅၁၉၄၇၆၊ ၀၉-၅၀၀၅၄၃၊ ဒေါ်တင်တင်မာ (Kakoo) ဖုန်း-၆၈၇၃၄၀၊ ၀၉-၅၀၆၉၂၇၆ နှင့် ဒေါ်ဥမ္မာဝင်း ဖုန်း-၀၉-၅၀၂၃၃၅ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ *(မြန်မာ့အလင်း)*

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Heavy Turbo Truck Assembly Shop တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E .Dr. Villur Sundararajan Seshadri၊ အိန္ဒိယသမ္မတနိုင်ငံ Tata Motors Ltd.နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Inc.တို့မှ တာဝန်ရှိသူများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံမင်္ဂလာမုခ်ဦးရှေ့၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့က အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Heavy Turbo Truck Assembly Shop နှင့် Gear & Transmission Plant တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် စက်ရုံမှ တာဝန်ရှိသူများသည် မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပက်ဖျန်းပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ရှင်းလင်းပြသ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Heavy Turbo Truck Assembly Shop အတွင်း မော်တော်ယာဉ်အစိတ်အပိုင်းများ (Chassis Assembly)ကို အဆင့်(၁၃)ဆင့်ဖြင့် ထုတ်လုပ်တပ်ဆင်နေမှုကိုလည်းကောင်း၊ စက်ရုံမှထုတ်လုပ်သည့် Heavy Turbo Truck LPT (2116) မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်၌ တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းအစိတ်အပိုင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးစိုးသိန်းက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ငယ်များဖြင့် စက်ရုံအတွင်း ထပ်မံကြည့်ရှုလေ့လာကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စက်ရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအနီး၌ ခင်းကျင်းပြသထားသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော 4 Seater Mini Saloon , Myanmar Double Cab, Myanmar Single Cab, TE-21 (6.5 Ton) Truck, TE-31(25 Ton) Truck, TE-31,(3600 Gals) Oils Tanker, City Bus, Static Road Roller (25 Ton) နှင့် Vibratory Soil Compactor တို့ကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးစိုးသိန်းက လိုက်လံရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Heavy Turbo Truck Assembly Shop တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် စက်ရုံအုပ်ချုပ်မှုရုံး ဧည့်ခန်းမ၌ ဝန်ကြီး ဦးစိုးသိန်းက မကွေးစက်မှုနယ်မြေ ဖွဲ့စည်းမှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စက်ရုံ၏ ဖွဲ့စည်းမှု၊ ထုတ်လုပ်သွားမည့် မော်တော်ယာဉ်အမျိုးအစားများ၊ စက်ရုံတည်ဆောက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့်စပ်လျဉ်းသည်များကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

စနစ်တကျသတ်မှတ်

နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းပြီး ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံ၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် စက်မှုနိုင်ငံတော်ကြီးတစ်နိုင်ငံအဖြစ် ထူထောင်နိုင်ရေးအတွက် ယခုကဲ့သို့ စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပီပြင်စွာပေါ်ထွန်းလာစေရန် သင့်လျော်သည့်ဒေသများတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များ စနစ်တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဦးတည်ဆောင်ရွက်

ယခု ဖွင့်လှစ်လိုက်သည့် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လုပ်သော မော်တော်ယာဉ်များကို နိုင်ငံအဝန်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်သည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ်ထုတ်လုပ်ရေး *စာမျက်နှာ ၄ ကော်လံ ၁ သို့*

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Gear & Transmission Plant ကို တွေ့ရစဉ်။ (သတင်းစဉ်)

2-1 (03).pmd 1 1/2/2011, 2:24 AM

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(မကွေး) ကမွည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

လုပ်ငန်းစဉ်တစ်ရပ်လုံးကို အရေအတွက်အရရော အရည်အသွေးအရပါ တိုးတက်မြင့်မားလာစေရေးနှင့် ပြည်တွင်းစက်မှုထုတ်ကုန်များနှင့် နိုင်ငံသားအတတ်ပညာရှင်များကိုသာ အသုံးပြု၍ အဆင့်မီ ထုတ်လုပ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စက်စွမ်းအားပြည့်

နိုင်ငံတော်က ယခုကဲ့သို့ စက်မှုလုပ်ငန်းကြီးများ ထူထောင်ရာတွင် အချိန်၊ နေရာ၊ လုပ်အားများအပြင် နိုင်ငံခြားငွေနှင့် ကျပ်ငွေမြောက်မြားစွာ အကုန်အကျခံ၍ ရင်းနှီးမြှုပ်နှံထားရသဖြင့် စီးပွားရေးအရလည်း တွက်ခြေကိုက်စေရန် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားနိုင်ရန် လိုအပ်ကြောင်း။

စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်လုပ်သားဝန်ထမ်းများရရှိရေးနှင့် စက်ဘက်ကြံ့ခိုင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ကျွမ်းကျင်ဝန်ထမ်းများရရှိရေးအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများ၊ လုပ်ငန်းခွင် စာတွေ့လက်တွေ့သင်တန်းများ စဉ်ဆက်မပြတ် ပို့ချသင်ကြားပေးခြင်းဖြင့် အရည်အချင်းပြည့်ဝလာစေရန် ဆောင်ရွက်သွားရမည် ဖြစ်သကဲ့သို့ စက်စွမ်းအားပြည့် အသုံးချနိုင်ရေးအတွက် စက်ဘက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စက်ကြံ့ခိုင်မှု ထိန်းသိမ်းရေးလုပ်ငန်းများကို ဂရုတစိုက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဆွေးနွေးမှာကြား

ထို့အပြင် မီးဘေးအန္တရာယ်၊ လေဘေးအန္တရာယ်အစရှိသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာနိုင်မည့် အခြေအနေများကို မျှော်မှန်း၍ ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ စက်ရုံလုံခြုံရေးအစီအစဉ်များကိုလည်း တိတိကျကျ သတ်မှတ်ထုတ်ပြန်၍ လိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် အသေးစိတ် ဆွေးနွေးမှာကြားသည်။

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Heavy Turbo Truck Assembly Shop တွင် မော်တော်ယာဉ်အစိတ်အပိုင်းများ အဆင့်ဆင့်ထုတ်လုပ်တပ်ဆင်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယသမ္မတနိုင်ငံ Tata Motors Ltd. နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Inc. တို့မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Gear & Transmission Plant အတွင်း Gear နှင့် Transmission နှင့်စပ်လျဉ်းသည့် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်မှုအခြေအနေကို မော်တော်ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ခင်းကျင်းပြသထားသည့် မော်တော်ယာဉ်များ

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) စက်ရုံအနီး၌ ခင်းကျင်းပြသထားသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ယခုဖွင့်လှစ်လိုက်သည့် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)သည် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ခြောက်မိုင်ခန့်အကွာ မကွေး-တောင်တွင်းကြီးလမ်း၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ စက်ရုံဧရိယာ ၁၂၅ဧက ကျယ်ဝန်းပြီး Heavy Turbo Truck Assembly Shop သည် အလျား မီတာ၂၅၀၊ အနံ ၁၃၅မီတာ၊ Gear & Transmission Plant သည် အလျားမီတာ ၁၂၀၊ အနံ ၃၆မီတာရှိသည်။

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)မှ LPT 2116-6× 2 Cargo With 160 HP Engine, Field Artiller Truck, 4928 S-6× 4 Tractor With 280 HP Engine, 3128 T-8× 2 Cargo With 280 HP Engine, 1613 T-4× 2 Cargo With 160 HP Engine အမျိုးအစား Truck မော်တော်ယာဉ်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဝိဉာဏ်သည် အတ္တမဟုတ်**
တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၃၅ စွယ်တော်လေးဆူ ဆုပန်ယူ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
လောကဝက်ပါ (အပိုင်း-၁၂၃)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အရိပ်စစ် (အပိုင်း-၉၀)
၈:၄၀ Fashion Music Festival (Part-20)
၉:၁၀ Wedding Season
ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့ (အပိုင်း-၃)
၉:၃၀ Sunday Talk
(စာရေးဆရာ ချစ်စံဝင်း၊ မျိုးမြတ်သူ)
၁၀:၀၅ ထာဝရမြင့်မားနေမည့် မြတ်ဆရာများ၏ဂုဏ်ရည်
၁၀:၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
ယောက္ခမက ရှော့ခ်စတား
၁၀:၄၅ ဗီဒီယိုပြခန်း
၁၁:၀၅ ဈေးဝယ်လမ်းညွှန်
(119 Fashion Complex)
၁၁:၂၅ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် Forever Group Co.,Ltd. တို့၏ ဒသမအကြိမ် အနုပညာကွန်ပျူတာ ဒီပလိုမာ (Dip. CA) အပ်နှင်းပွဲ အခမ်းအနား
၁၁:၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Fiber Cable Testing Instrument Introducing Seminar)
၁၂:၀၀ အထူးကုများအစီအစဉ်
အသည်းရောဂါများအကြောင်း
၁၂:၄၀ **ဖွားချို**
စံရှားတင်၊ ဝါးခယ်မရဲမောင်
[ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)]
၁:၀၀ **ဝိဉာဏ်သည် အတ္တမဟုတ်**
တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ **စကားနပန်း**
(ရှက်တတ်တာ ကောင်းတယ်၊ မရှက်တတ်တာ ကောင်းတယ်)
၃:၂၅ ဆီဖြစ်လာမည့်နှမ်းလုံးများ
၃:၃၅ Kid' s Show
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အရိပ်စစ်
(အပိုင်း-၉၀)
၄:၄၅ ဆံကေသာအလှအတွက် Eushido
၅:၀၅ သွားမယ်စားမယ်
(Royal Thazin Restaurant)
၅:၃၀ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Wedding Season
ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့ (အပိုင်း-၃)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
လောကဝက်ပါ (အပိုင်း-၁၂၄)
၇:၁၀ Fashion Music Festival (Part-21)
၇:၄၀ ရန်ကုန်မြင်ကွင်းကျယ်
(Device Business Management Academy ရဲ့ How to get Clients Customers to come to you Seminar)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ -၃၀)
၈:၅၀ ဟိုတယ်လမ်းညွှန်
(Bay of Bengal Resort Ngwe Saung)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အရိပ်စစ် (အပိုင်း-၉၁)
၁၀:၁၀ နယည်ဆန်းထွင် သစ်သီးအလှဆင်
(အကြော်ပွဲအလှဆင်နည်း)
၁၀:၂၅ **Barclays Premier League**
Wigan Vs Newcastle
၁၂:၂၅ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း
(ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၁၂:၄၀ **ဘဝများ** (ဇေလုဝ)
၁:၀၅ အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁:၁၅ Box Office Movies
(Watch Men)
၁:၄၀ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ
(ဥသျှစ်ပင်)
၁:၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
(ဒီဇိုင်နာအိုင်းရစ်)
၂:၁၀ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
၂:၃၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
(Little Baby)
၂:၄၅ စွဲမက်ဖွယ်ရာရတနာ
(စိန်ကျောက်အလားဥသဖရား)
(အပိုင်း-၁)
၃:၁၅ လှပသစ်ဆန်းအလှပြင်ခန်း
(Art & T8)
၃:၃၅ Ro ဆိုတဲ့ KTM
၄:၀၀ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
၄:၅၀ ကန္တရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့....
၅: ၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ စာပေဆု ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ကြေညာ

ဆုနှင်းသဘင်အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်စန်းစန်းရင်က ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

မြှင့်တင်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိရာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို အားသွန်ခွန်စိုက် တည်ဆောက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံသူနိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မြင့်မားပြီး အတွေးအခေါ် မှန်ကန်ရေးတို့အတွက်လည်း စာပေအပါအဝင် ယဉ်ကျေးမှု အနုပညာရပ်အသီးသီးတို့၏ စွမ်းအားဖြင့် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိန်းသိမ်းရင်း ပြည်သူလူထုအတွင်း မှန်ကန်သည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး၊ အချင်းချင်း ရိုင်းပင်းညီညွတ်ပြီး အရေးကြီးလျှင် သွေးစည်းသည့် ပြည်ထောင်စုစိတ်ဓာတ်များ ထိန်းသိမ်းတည်ဆောက်ရေး၊ ဂုဏ်ယူဖွယ်ရာ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာ စွမ်းအားများ မြင့်မားတိုးတက်ရေးတို့ကို စာပေစွမ်းအားဖြင့် လှုံ့ဆော်အားပေးနိုင်စေရန် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားရေးကို ရှေးရှုသည့် စာပေများသည် ပြည်သူတို့အား မှန်ကန်သော အတွေးအမြင်ဗဟုသုတများ ပေးနိုင်သည့်အပြင် အချင်းချင်း ရိုင်းပင်းညီညွတ်သော အမျိုးသားရေးစိတ်ဓာတ်များ၊ တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဖြင့် မြန်မာတို့၏ ထူးခြားကောင်းမြတ်သည့် စရိုက်လက္ခဏာ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အသိပညာစွမ်းအား ဂုဏ်သတ္တိများကို စေ့ဆော်အားပေးနိုင်စွမ်းရှိခြင်းကြောင့် မိမိတို့ရေးသားကြသော စာအုပ်၊ စာမူများသည် သုတ၊ ရသခံစားမှုကို ဖြစ်ပေါ်စေသည့်အပြင် လောကီ လောကုတ္တရာ နီတိကျင့်ဝတ်များနှင့်ပါ အညီအညွတ်ဖြစ်ရေး ကြိုးပမ်းနေကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းအပါအဝင် အမျိုးအစားပေါင်း တစ်သောင်းကျော်ရှိကြောင်း၊

နှစ်ပေါင်းထောင်ချီတည်ရှိခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သက်တမ်းတစ်လျှောက် စာပေပညာရှင် ရဟန်း၊ ရှင်၊ လူများ အပါအဝင် တိုင်းကျိုးဂုဏ်ဆောင် မျိုးချစ်ပုဂ္ဂိုလ်များ၏ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို အောင်မြင်စွာ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာစာပေ၏ လောကကြောင်း၊ ဓမ္မကြောင်းဆိုင်ရာ လမ်းညွှန်မှုများကိုအခြေခံပြီး ထည်ဝါခဲ့ညားသော အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုးဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့ကြကြောင်း။

ဆက်လက်ကြိုးပမ်း

မျက်မှောက်ခေတ် စာပေပညာရှင်များ၊ စာပေလောကသားများအနေဖြင့်လည်း ယခုကဲ့သို့ အမျိုးသားရေး အမွေခံကောင်းများကို လက်ဆင့်ကမ်း ၎င်းတို့အထဲမှ အမျိုးသားစာပေဆုဆိုင်ရာ သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီသည့် စာအုပ်များကို ဘာသာရပ်(၁၄)မျိုး ခွဲခြားပြီး စိစစ်ရွေးချယ်ခဲ့ကြောင်း၊ ယခုဆုချီးမြှင့်သည့် ၂၀၀၉ခုနှစ် အမျိုးသားစာပေဆုအတွက် စာအုပ်ပေါင်း ၂၂၈၈ မျိုးကို ဖတ်ရှုစိစစ်ခဲ့ရပြီး ယင်းတို့အထဲမှ ဆုပေါင်း ၁၀ဆုကို ရွေးချယ် ချီးမြှင့်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဆက်လက်ချီးမြှင့်

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သည့် ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် အမျိုးသားစာပေ တစ်သက်တာဆုကိုလည်း ၂၀၀၁ ခုနှစ်မှစတင်ပြီး ချီးမြှင့်လာခဲ့ရာ ယခုနှစ်တွင် ကိုးနှစ်သက်တမ်း ရှိခဲ့ပြီဖြစ်ပြီး ကိုးဆုမြောက်အဖြစ် ဆက်လက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

မြေတောင်မြှောက်အားပေး

တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုစာပေများ ထွန်းကားပြန့်ပွားလာစေရန် စာပေဗိမာန် စာမူဆု ပြိုင်ပွဲအဖြစ် ဘာသာရပ် (၁၂) မျိုး ခွဲခြားပြီး ရေးသားယှဉ်ပြိုင်စေကာ ထိုက်တန်သည့် စာမူများကို အကဲဖြတ်ပြီး စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိကြောင်း၊ ယခုနှစ်တွင် စာပေဗိမာန် စာမူဆုအတွက် ပြိုင်ပွဲဝင်စာမူပေါင်း ၁၇၄ ခုကို ဖတ်ရှု စိစစ်ခဲ့ရပြီး ဆုပေါင်း ၃၀ကို ရွေးချယ်ချီးမြှင့်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုရ ကလောင်ရှင်များ၏ လက်ရာမွန် လက်ရာကောင်း စာမူများကို စာပေဗိမာန်လက်စွဲ စာစဉ်ပုံနှိပ်စာအုပ်များအဖြစ် ထုတ်ဝေပေးနိုင်မှုကြောင့် ယင်းလက်ရာများထဲမှ အမျိုးသားစာပေဆုရ စာကောင်းပေမွန်များအဖြစ် ဆက်လက်ပေါ်ထွန်းလာမှုနှင့်အတူ မျိုးဆက်သစ်စာပေပညာရှင်များအား မြေတောင်မြှောက် အားပေးချီးမြှင့် နိုင်ခဲ့ကြောင်း။

ရင်ဆိုင်ကြုံတွေ့

ယနေ့ ၂၁ရာစု မျက်မှောက်ကာလတွင် စီးပွားရေးအင်အားနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ဒေါက်တာရွှေသွေးနှင့် မပန်းမွှံ စာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ လက်ာရည်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ဘာသာအမြင် စာပေအမြင်စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာဆုရ မောင်ခင်မင် (ဓနုဖြူ)အား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသောအခြေခံအဆောက်အအုံများ

လယ်ယာစိုက်ပျိုးရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ

ယနေ့ကာလဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး နှစ်ရှည်လများ ကြိုးပမ်းရုန်းကန်တည်ဆောက်ဖော်ဆောင်ခဲ့ရသည့် ရလဒ်များပင်ဖြစ်သည်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို တာဝန်ယူခဲ့ရသည့်ကာလတစ်လျှောက် ပြည်ထောင်စုကြီး၏ နယ်မြေအသီးသီး၌ အကြားအလပ်မရှိ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေခြင်းသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေခြင်းပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်စေလိုပါက တစ်နိုင်ငံလုံးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်ခိုင်ခံ့ခံ့ ပြည့်ပြည့်စုံစုံရှိရန် မဖြစ်မနေလိုအပ်သည်ဟု ယုံကြည်ခံယူခဲ့သည့်အလျောက် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အစကောင်းစေရန် အခြေခံအဆောက်အအုံများကို ဘက်စုံထောင့်စုံမှ ကြိုးပမ်းတည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံ၏ ၇၀ရာခိုင်နှုန်းခန့်သာ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းပွင့်လန်းလာစေရန် မြှင့်တင်ဖော်ဆောင်ပေးခဲ့သည့်အတွက် ဆည်တာတမံများ၊ ရေထိန်းတံခါးများ၊ ဆည်ရေသောက်ဧကများ၊ စိုက်ပျိုးမြေဧကများ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အခြေခံအဆောက်အအုံများ ပြည့်စုံဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ သီးနှံစိုက်ပျိုးထုတ်လုပ်မှုပမာဏများမှာလည်း အဆပေါင်းများစွာ တိုးတက်လာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ယခုအခါ ဆန်စပါးထုတ်လုပ်မှု မြင့်မားသည့် နိုင်ငံအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ပြီး ပဲမျိုးစုံထုတ်လုပ်မှု၌လည်း အရှေ့တောင်အာရှဒေသအတွင်း ဦးဆောင်နိုင်ငံအဆင့်အထိ ဖြစ်ထွန်းလာခဲ့သည်မှာ ထင်ရှားသည့်စွမ်းဆောင်အောင်မြင်မှုများပင်ဖြစ်သည်။

ခေတ်မီစက်မှုနိုင်ငံ၊ နည်းပညာမြင့်မားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပုံဖော်တည်ဆောက်ရာတွင် လျှပ်စစ်စွမ်းအားကဏ္ဍသည်လည်း ကျွဲကူးရေပါဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ပေသည်။ ထို့ကြောင့်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကြီးများအပါအဝင် လျှပ်စစ်စွမ်းအားရနိုင်သမျှသော အရင်းအမြစ်များအားလုံးကို အသုံးချ၍ ထုတ်လုပ်သုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ၁၉၈၈ခုနှစ်မတိုင်မီက လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုသည် ၅၂၉ဒသမ၁ မဂ္ဂါဝပ်သာရှိခဲ့သော်လည်း ယခုအခါ စက်တပ်ဆင်အား ၃၀၄၅ ဒသမ ၄ မဂ္ဂါဝပ်အထိ (၆)ဆနီးပါး တိုးတက်လာခဲ့သည့်အပြင် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံ (၆၀)ကျော်မှ စက်တပ်ဆင်အား ၄၁၂၀၆ဒသမ၅ မဂ္ဂါဝပ်နှင့် အနာဂတ်တွင်တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံတစ်ရုံမှ ၂၅မဂ္ဂါဝပ် ထပ်မံတိုးတက်လာဦးမည်ဖြစ်ရာ စီမံကိန်းများအားလုံးပြီးစီးချိန်တွင် ၄၄၂၇၆ ဒသမ ၉ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ တိုးတက်ပြောင်းလဲလာသည့် လူနေမှုစနစ်နှင့် လူမှုစီးပွားအခြေအနေများကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် တစ်ဟုန်ထိုးမြင့်မားလာလျက်ရှိရာ အနီးစပ်ဆုံးနှင့် အမြန်ဆုံးပြီးစီးသွားနိုင်သည့် စီမံကိန်းများပြီးစီးချိန်တွင် လိုအပ်ချက်ကို ရာနှုန်းပြည့်ဖြည့်ဆည်း ပေးနိုင်သည့်အပြင် ပိုလျှံသည့်အဆင့်သို့ပင် ရောက်လာတော့မည်ဖြစ်သည်။

ယနေ့ကာလ ဖွံ့ဖြိုးတိုးတက်မှုများသည် ပဒေသာပင် မြေမှာပေါက်သကဲ့သို့ အလိုအလျောက်ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး နှစ်ရှည်လများ ကြိုးပမ်းရုန်းကန်တည်ဆောက်ဖော်ဆောင်ခဲ့ရသည့် ရလဒ်များပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယနေ့ကာလကြိုးစားရုန်းကန် တည်ဆောက်ခဲ့ရမှုများသည် အနာဂတ်ကာလအောင်မြင်ဖြစ်ထွန်း သီးပွင့်ဝေဆာမှုများအတွက် ခိုင်မာသည့်အခြေခံကောင်းများပင် ဖြစ်ပေတော့သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ

အမျိုးအမည်	၁၉၈၈	၂၀၁၀	တိုးတက်မှု
မြေသယံဇာတ			
- စိုက်ပျိုးမြေဧရိယာဧက (သန်း)	၂၃·၈၀	၅၆·၇၃	၃၂·၉၃
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
(က) ဆည်၊ ကန်၊ တာတမံ			
- ဆောင်ရွက်ပြီးလုပ်ငန်း	၁၃၈	၃၇၁	၂၃၃
- ဆောင်ရွက်ဆဲလုပ်ငန်း	-	၂၆	၂၆
(ခ) မြစ်ရေတင်လုပ်ငန်း			
- ဆောင်ရွက်ပြီးလုပ်ငန်း	-	၃၂၇	၃၂၇
- ဆောင်ရွက်ဆဲလုပ်ငန်း	-	၄၁	၄၁
(ဂ) မြေအောက်ရေတွင်းများ	-	၈၀၀၁	၈၀၀၁
စုစုပေါင်းအကျိုးပြု ဧရိယာဧက (သန်း)	၁·၃၅	၅·၂၀	၃·၈၅
သီးထပ်ဧရိယာဖြစ်ထွန်းမှု ဧက (သန်း)	၃·၈၉	၂၃·၄၀	၁၉·၅၀
စပါးတိုးမြှင့်စိုက်ပျိုးမှု			
- မိုးစပါးစိုက်ဧက (သန်း)	၁၁·၈၀	၁၆·၅၀	၄·၇၀
- နွေစပါးစိုက်ဧက (သန်း)	-	၃·၂၅	၃·၂၅
- ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်း	၁၀၂	၁၇၃	၇၁
ပဲမျိုးစုံစိုက်ဧက (သန်း)	၁·၈၀	၅·၂၁	၃·၄၁
ထွန်စက်စခန်း	၈၉	၉၈	၉

စိုက်ပျိုးရေနှင့် သောက်သုံးရေ ပြည့်ဝဖူလုံစေရေး အထောက်အကူပေးနေသော ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ပန်းတောင်းမြို့နယ်မှ ခဝါရေလှောင်တမံကို ဤသို့တွေ့ရသည်။

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

တည်ဆောက်ဆဲ ဆည်တမံ စီမံကိန်းများ

စဉ်	ပြည်နယ်/ တိုင်းဒေသကြီး	ဆည်တမံ အရေအတွက်	အကျိုးပြုဧရိယာ(ဧက)
၁။	ကချင်	၁	၅၀၀၀
၂။	ကရင်	၁	၃၀၀၀
၃။	စစ်ကိုင်း	၆	၁၀၆၄၅၅၀
၄။	တနင်္သာရီ	၁	၃၂၀၀
၅။	ပဲခူး	၃	၁၁၇၀၀၀
၆။	မကွေး	၅	၁၂၈၄၀
၇။	မန္တလေး	၅	၆၄၀၀
၈။	ရခိုင်	၁	-
၉။	ရှမ်း	၂	-
၁၀။	ဧရာဝတီ	၁	၂၅၀၀၀
	စုစုပေါင်း	၂၆	၁၂၃၆၉၉၀

ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်၏ ပင်မရေတင်စခန်းကို ဤသို့တွေ့ရသည်။



၁၉၈၈ခုနှစ်မှ ယနေ့အထိ နိုင်ငံတစ်ဝန်း
ဖွံ့ဖြိုးတိုးတက်လာသော လျှပ်စစ်စွမ်းအားကဏ္ဍ

စဉ်	စက်ရုံများ	အရေ အတွက်	စက်တပ်ဆင်အင်အား (မဂ္ဂါဝပ်)	တစ်နှစ်ထုတ်လုပ်နိုင်မည့် ကီလိုဝပ်နာရီသန်းပေါင်း
၁	လက်ရှိဓာတ်အားပေးစက်ရုံများ	၃၂	၃၀၄၅·၄	၁၈၅၈၇·၅
၂	တည်ဆောက်ဆဲစီမံကိန်းများမှ ဖြစ်ပေါ်လာမည့်ဓာတ်အားပေးစက်ရုံများ	၆၁	၄၁၂၀၆·၅	၂၄၅၂၀၃·၃၃
၃	ဆက်လက်တည်ဆောက်မည့်စီမံကိန်းများမှ ဖြစ်ပေါ်လာမည့် ဓာတ်အားပေးစက်ရုံများ	၁	၂၅·၀၀	၁၅၉၉
	စုစုပေါင်း	၉၄	၄၄၂၇၆·၉	၂၆၅၃၈၉·၈၃

ရွှေ ကျင် မြို့ နယ် ရှိ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်ပြီးစီးနေမှု လုပ်ငန်းခွင်ကို ဤသို့ တွေ့ရစဉ်။

ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းမှ ချဉ်းကပ်ရေသွယ်ဥမင်လိုဏ်အမှတ်(၄) ပြီးစီးမှုမြင်ကွင်း။

ဆက်လက်တည်ဆောက်လျက်ရှိသည့် စီမံကိန်းများ

စဉ်	ပြည်နယ်/ တိုင်းဒေသကြီး	စီမံကိန်းလုပ်ငန်းများ	စက်တပ်ဆင် အင်အား(မဂ္ဂါဝပ်)
၁	ကချင်	မြစ်ဆုံ၊ ယီနန်၊ ခေါင်လံဖူး၊ ဖီဇော၊ ဂူဆောက်၊ ချီဖွေ၊ ချီဖွေငယ်၊ လိုက်ဇာ၊ တာပိန်(၁)၊ တာပိန်(၂)၊ တာခ၊ နော်ချမ်းခ (စီမံကိန်း-၅ခု)	၁၉၉၆၈
၂	ကယား	ဘီလူးချောင်း(၃)၊ ရွာသစ်၊ နမ့်ပွန် (စီမံကိန်း-၅ခု)၊ နမ့်တဘက်	၈၉၂
၃	ကရင်	ဟတ်ကြီး	၁၃၆၀
၄	ရခိုင်	စိုင်ဒင်၊ လေးမြို့၊ အမ်းချောင်း၊ သူဌေး	၆၉၇၅
၅	ရှမ်း	တာဆန်း၊ ရွှေလီ(၂)၊ ရွှေလီ(၃)၊ အထက်သံလွင်၊ အထက်ရဲရွာ၊ အထက်ဘီလူးချောင်း၊ အထက်ကျိုင်းတောင်း၊ နောင်ဖ/မန်တောင်း၊ (စီမံကိန်း-၂ခု)၊ နမ့်လွေ (စီမံကိန်း-၅ခု)၊ နမ့်ခ	၁၂၂၉၂
၆	စစ်ကိုင်း	ရွှေစာရေး၊ မော်လိုက်၊ ထမံသီ၊ မဏိပူ	၂၇၆၀
၇	တနင်္သာရီ	တနင်္သာရီ၊ သကျက်၊ အညာဖျား	၆၂၉
၈	ပဲခူး	ဘောဂတ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ သောက်ရေခပ်(၂)၊ ရွှေကျင်	၄၆၃
၉	မန္တလေး	အထက်ပေါင်းလောင်း၊ နန်ချို၊ အထက်ဆည်တော်ကြီး	၂၄၄
၁၀	မကွေး	အထက်ဖူး	၁၅၀

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွ

မြန်မာတိုင်းရင်းသားပြည်သူတို့၏ လွတ်လပ်ရေးစိတ်ဓာတ်နှင့် ရွေးကောက်ပွဲဆန္ဒမှန်

ခိုင်မျိုးညီလာအောင်

မြန်မာတို့သည် ရွေးကောက်ပွဲအတွေ့အကြုံ ကြွယ်ဝသည်။ ကိုလိုနီခေတ်တွင်ကား နယ်ချဲ့အင်္ဂလိပ်အစိုးရ ဘုရင်ခံအတွက် မင်းတိုင်ပင်အမတ်ဆိုသည်ကို ဘုရင်ခံကပင် ရွေးခန့်ခဲ့သည်။ မြန်မာတစ်ယောက်တလေနှင့် အင်္ဂလိပ်၊ တရုတ်ကုန်သည်၊ ကုလားကုန်သည်၊ ကပြားများကို အများဆုံးခန့်သည်။ မင်းတိုင်ပင်အမတ်ဆယ့်လေးငါးဦးခန့်သည့်စနစ်မှ ဥပဒေပြုကောင်စီ ရွေးကောက်ပွဲဆိုသည်ကို အင်္ဂလိပ်အစိုးရက ကျင်းပရာ၌လည်း ဘုရင်ခံကြိုက်၊ ဘုရင်ခံအခိုင်းခံများကိုသာ ရွေးခဲ့ကြရသည်။ အရွေးခံခွင့်၊ မဲပေးခွင့်ကအစ အမြတ်ခွန်၊ ဝင်ငွေခွန်ပေးဆောင်မှုပမာဏနှင့်တိုင်း၍ သတ်မှတ်ခဲ့သည်။

အင်္ဂလိပ်အုပ်စိုးမှုအောက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဘုရင်ခံ၏ အတိုင်ပင်ခံကောင်စီကို တာဝန်ပေးခဲ့ပြီးနောက် ၁၉၄၇ခုနှစ် ဧပြီလတွင် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကျင်းပခဲ့သည်။ မြန်မာ့လွတ်လပ်ရေး မလွဲမသွေ ပြန်လည်ရရှိရေး အစွမ်းကုန်ဆောင်ရွက်ကြချိန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့(ဖဆပလ)က လွတ်လပ်ရေးပြန်ရအောင် ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်သော ပြည်သူတို့က ဖဆပလအမတ်လောင်းအားလုံးကို ဆန္ဒမဲ ပုံအောမဲပေးရွေးကောက်ခဲ့သည်။ ထိုရွေးကောက်ပွဲ၌ ကွန်မြူနစ်အမတ်ခုနစ်ယောက်မှအပ ကျန်အမတ်နေရာအားလုံး ဖဆပလကရရှိခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ပြည်သူတစ်ရပ်လုံးက ဖဆပလကို ယုံကြည်အားထားသဖြင့် ဖဆပလတစ်ပါတီတည်းကိုသာ ပုံအောထောက်ခံ ရွေးကောက်ခဲ့ခြင်း ဖြစ်သည်။ မဲခိုးမှု၊ မဲလိမ်၊ မဲညစ်၊ မဲရောင်းမဲဝယ်မှု မရှိ၊ ရှိရန်လည်း မလိုအပ်ခဲ့။ ရွေးကောက်ပွဲအကြမ်းဖက်မှုလည်း ကင်းခဲ့သည်။

ဗိုလ်ချုပ်ကွယ်လွန်ပြီးနောက် လွတ်လပ်ရေးရစမှာပင် ဖဆပလအဖွဲ့ချုပ်ကြီးတွင် ပါဝင်သောပါတီအဖွဲ့များစွာ ခွဲထွက်သွားသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဖဆပလကျောရိုးအမာခံ ဆိုရှယ်လစ်ပါတီမှ ဆိုရှယ်နီများ ကွဲထွက်သည်။ ဖဆပလထဲမှ ကွန်မြူနစ်၊ဗကသစသည်တို့လည်း ခွဲထွက်သွားကြပြီး ပြည်သူ့ရဲဘော်အဖွဲ့ကြီးလည်း ရဲဘော်ဖြူ၊ ရဲဘော်ဝါကွဲကြပြီး ၁၉၅၈ခုနှစ်တွင် ဖဆပလ(လက်ကျန်ဆိုရှယ်လစ်ပါတီ)မှ ဆွေငြိမ်းခေါ် တည်မြဲဖဆပလ၊ နုတင်ခေါ် သန့်ရှင်းဖဆပလတို့ ကွဲထွက်သွားပြန်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှု စစ်မီးက တစ်ပြည်လုံး၌ တောက်လောင်လာသည်။ ဖဆပလအစိုးရက မနိုင်မနင်းနိုင်၊ အချင်းချင်းကွဲပြဲ အာဏာလုနေကြသည်။ ထို့ကြောင့် လူထုက ဖဆပလအပေါ် ယခင်ကလို မကြိုက်ကြတော့ပေ။ သို့သော် အာဏာမြဲလိုသော ဖဆပလခေါင်းဆောင်များက ဖဆပလ အနှစ် ၄၀ အာဏာတည်မြဲရေး ကြွေးကြော်၊ ခါးပိုက်ဆောင်တပ်(ပျူစောထီးတပ်၊ ကာကွယ်ရေးတပ်၊ ပြောက်ကျားတပ်၊ စစ်ဝန်ထမ်းတပ်၊ အထူးရဲစသည်)များဖြင့် အတိုက်အခံများကို ဖမ်းဆီး၊ နှိပ်စက်၊ ထောင်ချ၊ သတ်ဖြတ်လာသည်။ ရွေးကောက်ပွဲ မသမာမှုမျိုးစုံ(မဲစာရင်းမသွင်းခြင်း၊ မဲစာရင်းဖယ်ထုတ်ခြင်း၊ မဲနိုင်၊ မဲပုံးဖောက်၊ မဲလိမ်၊ မဲရောင်း မဲဝယ်စသည်)လုပ်လာသည်။ မင်းလှ ကိုးလောင်းပြိုင်၊ မြိတ်ဆီတောင်အိုင်ရွာမှ အစုအပြုံလိုက် လူသတ်မှု၊ မြို့နယ်အချို့၌ တစ်ဦးချင်းသတ်မှု၊ ငါန်းဇွန်ခြောက်လောင်းပြိုင်သတ်မှုစသည့် ရွေးကောက်ပွဲညစ်ပတ်မှုများကို ၁၉၅၂ ခုနှစ်ရွေးကောက်ပွဲ၊ ၁၉၅၆ခုနှစ် ရွေးကောက်ပွဲ၊ ၁၉၆၀ပြည့်နှစ် ရွေးကောက်ပွဲတို့တွင် တွေ့ရသည်။ ထိုရွေးကောက်ပွဲ မသမာမှုများအကြောင်း အတိုက်အခံ ပမညတ(ဆိုရှယ်နီ)တို့ ရေးသား၊ ထုတ်ပြန်သည့်ကြေညာချက်၊ စာအုပ်၊ စာတမ်း၊ ထိုခေတ်ထုတ် သတင်းစာများ၊ ရွေးကောက်ပွဲခုံရုံးမှတ်တမ်းများ၊ ရွေးကောက်ပွဲကော်မရှင်လူကြီး ဆရာချယ်ရေးသားသည့် တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသို့ စာအုပ်၊ ရဲဘော်လှမျိုးရေးသားသည့် မြင်းမိုရ်တောင်ကို လက်သီးနဲ့ထိုးခြင်းစာအုပ် စသည်တို့၌ တွေ့ရပါသည်။

ယင်းရွေးကောက်ပွဲများ၌ အတိုက်အခံ(လက်ဝဲကွန်မြူနစ်+ ဆိုရှယ်နီ) ပမညတ အမတ်လောင်းများကိုသာ မဲပေးရမည်ဟု တောတွင်းသောင်းကျန်းသူ၊ အထူးသဖြင့် ဗကပကွန်မြူနစ်တို့က အမည်းရောင်၊ အညိုရောင်နယ်မြေ (သောင်းကျန်းသူတို့ ကြီးစိုးနိုင်၊ ဝင်နိုင်ထွက်နိုင်သော ကျေးရွာဒေသ)များမှ ရွာများအတွင်း လက်နက်ပြ ခြိမ်းခြောက်ခဲ့သည်လည်း ရှိသည်။ သောင်းကျန်းသူတို့ လက်နက်ပြခြိမ်းခြောက်ကာ ဘယ်ပါတီကိုသာ မဲပေးရမည်ဟု ရွာဝင်အမိန့်ပေးခဲ့သည်ကို ၁၉၉၀ပြည့်နှစ် မေလရွေးကောက်ပွဲမှာပင် ရှိခဲ့သည်။

ပြည်သူတို့က အကွဲအပြဲများပြားထူပြောလွန်းပြီး နိုင်ငံတိုးတက်ရေးထက် အချင်းချင်းအာဏာလုနေကြသည့် ဖဆပလအပေါ် စိတ်ကုန်နေခဲ့၍ အတိုက်အခံ ပမညတသို့ အမတ်နေရာ(၄၈)ဦးအထိပင် အရွေးခံခဲ့ရသည်။အာဏာရဖဆပလ၏ ရှုံးလျှင်လည်းနိုင်ရမည်၊ နိုင်လျှင်လည်း နိုင်ရမည်ဟူသောမူဖြင့် နည်းစုံသုံးခဲ့သောကြောင့် ဖဆပလသည် (၁၉၅၂၊ ၁၉၅၆)ခုနှစ် ရွေးကောက်ပွဲများ၌ အနိုင်ရပြီး အာဏာတည်မြဲခဲ့သည်။ ပြည်သူတို့ကလည်း အတိုက်အခံ ပမညတ လက်ဝဲသမားများကို လက်တွေ့မပါသော ပါးစပ်သမားများအဖြစ်သာ သဘောထားခဲ့သဖြင့် ဖဆပလကိုသာ မဲပေးရွေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အတိုက်အခံတို့က ဖဆပလ အစိုးရကို ဖဆပလတစ်ပါတီ အာဏာရှင်အစိုးရဟု သမုတ်ခဲ့ခြင်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ရွေးကောက်ပွဲကား ဖဆပလ နှစ်ခြမ်းတည်မြဲနှင့် သန့်ရှင်းတို့ အဓိကယှဉ်ပြိုင်ရသော ရွေးကောက်ပွဲဖြစ်သည်။ ဖဆပလအပေါ် လူထုက စိတ်ကုန်နေသဖြင့် မိမိတို့ တစ်ခဲနက်နိုင်မည်ဟု ပမညတကလည်း စိတ်ကူးယဉ်မျှော်လင့်နေခဲ့သည်။ ၁၉၆၀ပြည့်နှစ် ရွေးကောက်ပွဲမကျင်းပမီ ပါလီမန်လွှတ်တော်အမတ်အင်အားမှာ ဦးဗဆွေ၊ ဦးကျော်ငြိမ်းခေါင်းဆောင်သော ဆွေငြိမ်း(တည်မြဲ ဖဆပလ)က အမတ်၁၁၉ယောက်၊ ဦးနု-သခင်တင်ခေါင်းဆောင်သည့် နုတင်(သန့်ရှင်းဖဆပလ)က ၈၃ယောက်၊ အတိုက်အခံ ပမညတက ၄၄ယောက် အသီးသီး ရှိကြသည်။

၁၉၆၀ပြည့်နှစ် ရွေးကောက်ပွဲတွင် တောတွင်းဗကပတို့က ပမညတကိုသာ မဲပေးရမည်ဟု ကျေးရွာများသို့ ဝင်ရောက်ခြိမ်းခြောက် ဖိအားပေးသည်။ တည်မြဲဖဆပလတို့က ခါးပိုက်ဆောင်တပ်များသုံးပြီး (အထူးသဖြင့် ပျူစောထီး ပြောက်ကျားများဖြင့် ဖွဲ့ထားသည့် အထူးရဲ)တို့ကိုသုံးပြီး အတိုက်အခံများကို ခြိမ်းခြောက်ဟန့်တားသည်။ တည်မြဲလိုလားသော တပ်မတော်ထဲမှ ဆိုရှယ်လစ်ပါတီ အမာခံတပ်မှူးတစ်ကျိပ်ခန့်က ရွေးကောက်ပွဲဝင်စွက်ကာ မဲလိမ်၊ မဲပုံးဖောက်၊ ခြိမ်းခြောက်ကြသည်။ ဦးနု၏သန့်ရှင်းကလည်း သူတို့နိုင်လျှင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်းပေးမည်ဟု ဘာသာရေးခုတုံးလုပ် မဲဆွယ်သည်။ တည်မြဲသတင်းစာ(အထောက်တော်၊ ပြည်ကျော်၊ မဏ္ဍိုင်၊ မီးဒုတ်)၊သန့်ရှင်းသတင်းစာ(ဗမာ့ခေတ်၊ပြည်ထောင်စု၊အိုးဝေ)စသည်တို့ကလည်း ဟိုဘက် သည်ဘက် စွပ်စွဲပုတ်ခတ်ရေးသားကာ ရွေးကောက်ပွဲ၌ မိမိတို့ လိုလားသည့်ဘက်မှနိုင်အောင် သိက္ခာမဲ့၊ ကျင့်ဝတ်မဲ့ ရေးသားပုံပိုးခဲ့ကြသည်။ ၁၉၅၉ခုနှစ် ဒီဇင်ဘာလ ၁၉ရက်နေ့တွင် ပါလီမန်ကို ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရက ဖျက်သိမ်းစေကာ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ ဖေဖော်ဝါရီလ ၂၉ရက်နေ့တွင် လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပပေးခဲ့သည်။

၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၉ရက်နေ့တွင် မိတ္ထီလာမြို့တပ်မှူးများ ညီလာခံ၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက "ဒို့တပ်မတော်အနေနဲ့ ဘယ်သူ့ဘက်ကိုမှ မျက်နှာမလိုက်ဘဲ သာသာထိုးထိုးဖြစ်အောင် ပင်းတဲ့ဘက်ပင်း၊ နှိမ်တဲ့ဘက်နှိမ်ဆိုတဲ့ ဥစ္စာမဖြစ်ရအောင် ဒို့နေဖို့အရေးကြီးတယ်၊ ဒို့-ဒီ-လွန်ခဲ့တဲ့လ ၁၁ ရက်နေ့ကစပြီး အမိန့်တစ်ရပ် ထုတ်လိုက်တယ်။ ဒီအမိန့်ထုတ်ဆင့်ရတဲ့ ရည်ရွယ်ချက်က အဖြစ်နိုင်ဆုံးမှာ တရားမျှတသော အထွေထွေရွေးကောက်ပွဲဖြစ်မြောက်ရေးဆိုတာ ဒါကို မင်းတို့ ရလိမ့်မယ်။"

"ဒီလိုထုတ်ရတဲ့အမိန့်ဟာလဲ အမိန့်ကအမိန့်၊ လုပ်တာကလုပ်တာ ဒီလိုမဖြစ်ရဘူး၊ ဒို့တပ်မတော်အနေနဲ့ဟာ တပ်မှာစည်းကမ်းမရှိလို့ ရှိရင်တော့ တိုင်းပြည်ဟာ ချွေးဖြစ်ဦးမှာပဲ၊ အဲဒီအမိန့်ထုတ်ရုံနဲ့ ပြီးချင်မှပြီးမယ်ဆိုပြီးတော့ အခု ငါတမင်ထွက်လာပြီးတော့ ဒီမှာပြောတာပဲ"စသည်ဖြင့်ရွေးကောက်ပွဲ၌ တပ်ကဝင်မရှုပ်ရေး၊ ပြည်သူတွေကြိုက်သလိုမဲပေးခွင့်ရရေး၊ ရွေးကောက်ပွဲ တရားမျှတရေးအတွက် အမိန့်ပုံစံဖြင့် တပ်မှူးများကို ပြောခဲ့၊ အသိပေး၊ သတိပေးခဲ့သည်။ ထို့အတူ ဗိုလ်ချုပ်ကြီးနေဝင်းက ဒီဇင်ဘာလ ၂၁ရက်နေ့ လုံခြုံရေးကောင်စီ ရန်ကုန်အစည်းအဝေးတွင် တပ်မတော်၊ ရဲ၊ ဝန်ထမ်းအားလုံး ရွေးကောက်ပွဲတွင် ဘက်မလိုက်ကြရန်၊ မှန်ကန်မျှတစွာ တာဝန်ထမ်းဆောင်ကြရန် အတိအလင်းထပ်လောင်းမှာကြားခဲ့သည်။

၁၉၆၀ပြည့်နှစ် ဖေဖော်ဝါရီလ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူအများစုမှာ ဘာသာရေးကိုင်းရှိုင်းကြသူများဖြစ်၍ ဘာသာရေးဖြင့် ခုတုံးလုပ်၊ အယုံသွင်းမဲဆွယ်သော ဦးနု၏ သန့်ရှင်းဖဆပလကို မဲပုံအောပေးခဲ့ကြသည်။ ထို့ကြောင့် သန့်ရှင်းဖဆပလက အမတ် ၁၅၉ဦးအရွေးခံရသည်။တည်မြဲဖဆပလက ၄၂ဦးသာ အရွေးခံရသည်။ ပမညတ အမတ်ပေါင်း ၁၃၅ဦးယှဉ်ပြိုင်ရာ တစ်ယောက်မှ အရွေးမခံရတော့ပေ။ သန့်ရှင်း(ပြည်ထောင်စုအဖွဲ့ချုပ်-ပထစဟုနာမည်ပြောင်း) ခေါင်းဆောင် ဦးနုဝန်ကြီးချုပ်ဖြစ်လာပြီး ရွေးကောက်ပွဲတွင် တည်မြဲဘက်မှ မတော်မတရားဘက်လိုက်ကာ မဲလိမ်၊ မဲပုံးဖောက်လုပ်ခဲ့သော ဆိုရှယ်လစ်ပါတီ၊

၂၀၁၀ ရွေးကောက်ပွဲရလဒ်ကား ဒီမိုကရေစီအသီးအပွင့်ပင်ဖြစ်။ ယူထားရသည့် တပ်မတော်အစိုးရပုံစံမှ ပြည်သူရွေးကောက်သော ကူးပြောင်းသော ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အလမ်းကြီးဖြစ်။ ကျ အကြမ်းဖက်မှု လုံးဝမရှိ၊ လွတ်လပ်၏၊ ပွင့်လင်း၏၊ တရားမျှတ၏။ ကျင်းပနိုင်ခဲ့ခြင်းဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအာ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲကာ အချုပ်အခြာအာဏာ လွတ်လပ်ရေးသရဖူတွင် ဒီမိုကရေစီပြည်တန်ပတ္တမြားကြီး တပ်ဆင် ထာဝရတည်တံ့ခိုင်မြဲမည့် အတိတ်နိမိတ်ကောင်းလည်းဖြစ်။

တည်မြဲဘက်တော်သား တပ်မှူးကြီးများအကြောင်း အထောက်အထားဖြင့် တိုင်ကြားခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ရွှေတို့ ဦးဆောင်သော တပ်မှူးတစ်ကျိပ်ခန့်ကို အရေးယူပြီး တပ်မှ ထုတ်ပယ်ခဲ့သည်။ ယင်းရွေးကောက်ပွဲ၌ ငါန်းဇွန်မြို့မှ သန့်ရှင်း ခြောက်ယောက်လုပ်ကြံသတ်ဖြတ်ခံရသည်။ ငါန်းဇွန်ခြောက်လောင်းပြိုင်ဟု တွင်ခဲ့သည်။

၁၉၇၄ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲလေးကြိမ် ကျင်းပခဲ့သည်။ ဆိုရှယ်လစ်လမ်းစဉ်တစ်ခုတည်းကို လမ်းစဉ်ပါတီတစ်ခုတည်းက
သည်။ ပါတီက လျာထား
ကိုယ်စားလှယ်တစ်ဦး ပြိုင်
သည်။ ပါတီကလျာထားပေး
အဖြူရောင်ထောက်ခံမဲပုံးထဲ
ထည့်သည့် စနစ်ဖြစ်သည်။
လိုလားထောက်ခံနေချိန်ဖြစ်
စနစ်အား လက်ခံခဲ့သည်။ မဲ
အနည်းငယ်တွေ့ရသည်။ ရွေ

၁၉၉၀ပြည့်နှစ် မေလ
ဒီမိုကရေစီရွေးကောက်ပွဲကျင်
မဲပြားစနစ်မှ လက်မှတ်စနစ်
မဲပေး၊ မဲပုံးထဲထည့်၊ ညနေ
ကိုယ်စားလှယ်များရှေ့မှောက်၌
ပြုစုကာ အထက်ကော်မရှင်
ပိုင်)ရုံးတွင် မဲပုံးအားလုံး ည

သို့သော် ယင်းရွေး
စသည်တို့က တစ်ဖက်သတ်
ပုတ်ခတ်ခဲ့သည်။ သောင်း
မည်သူ့ကိုမဲပေးရမည်၊ မည်
မတတ်သော သံတမန်များ

ရွေးကောက်ပွဲများ၌
များကို ထိုခေတ်စာနယ်ဇင်း
အခံများက ရွေးကောက်
ရွေးကောက်ပွဲအပြီး မကျေ
များကို ဥပဒေနှင့်အညီ ကြ
တွင်လည်း ဖတ်ရှုလေ့လာ

**၂၀၀၈ ခုနှစ် မေလ
ဥပဒေ(၂၀၀၈) ပြည်လုံးကျွ
မြင်သာရှိသော မဲပေးစနစ်က
သံတမန်များကပင် လက်ဖျ
ရောက်နေသူများကို မဲရုံတွင်
ထိုသို့ ပြည်သူမဲဆန္ဒရှင်တို့
အတွင်း အများမြင်နိုင်သော
မဲလက်မှတ်ထုတ်ယူ၊ လျှို့ဝှ
ပေးအမှတ်အသား(ထောက်ခံ
အမှတ်အသား ✘)ရေးခြစ်
ခေါက်ချိုးခေါက်၊ လူမြင်
နောက်ဆုံးမဲလာပေးသူများ
မဲရေတွက်၊ မဲစာရင်းသွင်း၊
အထက်ကော်မရှင်သို့ ထိုမဲ**

**ယခု ၂၀၁၀ပြည့်နှစ်
ရွေးကောက်ပွဲကြီးကိုလည်း
ပုံစံဖြင့် ကျင်းပခဲ့သည်။ နိုင်
နေသည့်ကြားမှပင် သံတမ
ပြည်တွင်း ပြည်ပ သတင်းစ
ချီးကျူးကြသည်။ အာဆီယ
များစွာက ချီးကျူးခဲ့ကြသ**

ယခင်က တည်ဆဲအ
အစိုးရမဟုတ်၍ တရားမ
ပါးစပ်များ၊ ပြည်တွင်းမှ
စိတ်ကြိုက် မဲပေးရွေးကော
အစား ရွေးကောက်ပွဲကို သ
၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့
ရွေးကောက်ပွဲ ဥပဒေ၊ နည်း
မဲရုံတိုင်း၌ လွတ်လပ်
မဲပုံးအတွင်းထည့်ကြရသည်၊
ဖွင့်လှစ်စစ်ဆေးကြသည်။ မဲ

လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့လူမျိုး



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်

- ❖ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ❖ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။
- ❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ❖ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စု ပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

လမ်းစဉ်ပါတီတစ်ခုတည်းက ဦးဆောင်သော တစ်ပါတီခေတ်ရွေးကောက်ပွဲဖြစ်သည်။ ပါတီက လျာထားချပြပေးသော မဲဆန္ဒနယ်တစ်ခုလျှင် ပါတီကြိုက် ကိုယ်စားလှယ်တစ်ဦး ပြိုင်ဘက်ကင်း မဲပုံးထောင်ပေးသော ရွေးကောက်ပွဲဖြစ်သည်။ ပါတီကလျာထားပေးသည့် ကိုယ်စားလှယ်လောင်းကိုကြိုက်လျှင် မဲပြားကို အဖြူရောင်ထောက်ခံမဲပုံးထဲထည့်၊ မကြိုက်လျှင် အနက်ရောင် ကန့်ကွက်မဲပုံးထဲ ထည့်သည့် စနစ်ဖြစ်သည်။ထိုစနစ်က လူအများစုကြီးသည် ဆိုရှယ်လစ်စနစ်ကို လိုလားထောက်ခံနေချိန်ဖြစ်၍ အပြိုင်အရွေးခံသူမရှိ၊ တစ်ဦးတည်းကို မဲပေးသော စနစ်အား လက်ခံခဲ့သည်။ မဲရုံအချို့၌ အနက်ရောင်မဲပုံးအတွင်း ကန့်ကွက်မဲပြား အနည်းငယ်တွေ့ရသည်။ ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲခိုး၊ မဲလိမ်မှု မရှိခဲ့ချေ။

၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့တွင် တပ်မတော်အစိုးရ(နဝတ)က ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကျင်းပရာ၌ တပ်ကလုံးဝဝင်မစွက်၊ မဲခိုးမဲလိမ်၍မရအောင် မဲပြားစနစ်မှ လက်မှတ်စနစ် ပြောင်းလဲကျင့်သုံးသည်။ လျှို့ဝှက်ခန်း၌ လွတ်လပ်စွာ မဲပေး၊ မဲပုံးထဲထည့်၊ ညနေမဲရုံပိတ်ချိန် ထိုမဲရုံမှာပင် ရွေးကောက်ပွဲဝင် ပါတီစုံ ကိုယ်စားလှယ်များရှေ့မှောက်၌ မဲများရေတွက်သည်။ အများရှေ့၌ မဲအနိုင်အရှုံးစာရင်း ပြုစုကာ အထက်ကော်မရှင်ထံပေးပို့သည်။ဖဆပလခေတ်ကကဲ့သို့ ခရိုင်ဝန်(အရေးပိုင်)ရုံးတွင် မဲပုံးအားလုံး ညပေါင်းများစွာသိပ်ပြီးမှ မဲရေတွက်ခြင်းမျိုး မလုပ်ပေ။

သို့သော် ယင်းရွေးကောက်ပွဲ၌ BBC၊ VOA၊ ALL INDIA ရေဒီယို စသည်တို့က တစ်ဖက်သတ်ဝါဒဖြန့် မဲဆွယ်၊ ၎င်းတို့မလိုလားသူ မဲမရအောင် ပုတ်ခတ်ခဲ့သည်။ သောင်းကျန်းသူများကလည်း လက်နက်ပြခြိမ်းခြောက်ကာ မည်သူ့ကိုမဲပေးရမည်၊ မည်သူ့ကိုမဲမပေးရဟု ခြိမ်းခြောက်ခဲ့သည်။ အနေအထိုင် မတတ်သော သံတမန်များကလည်း ဝင်ရောက်စွက်ဖက် ခြေရှုပ်ခဲ့သည်။

...ကား ဒီမိုကရေစီအသီးအပွင့်ပင်ဖြစ်၏။ နိုင်ငံတာဝန်ကို မလွှဲမရှောင်သာ ...စိုးရပုံစံမှ ပြည်သူရွေးကောက်သော ဒီမိုကရေစီအစိုးရသစ်ပုံစံသို့ ...ဒီမိုကရေစီအခွင့်အလမ်းကြီးဖြစ်၏။ ကျင်းပပြီးခဲ့သော ရွေးကောက်ပွဲ၌ ...လပ်၏၊ ပွင့်လင်း၏၊ တရားမျှတ၏။ ရွေးကောက်ပွဲကြီးအောင်မြင်စွာ ...တော်ဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာ သက်ဝင်လာတော့မည်။ ...ည်တံ့ခိုင်မြဲကာ အချုပ်အခြာအာဏာတည်းဟူသော မြန်မာတို့၏ ...ရေစီပြည်တန်ပတ္တမြားကြီး တပ်ဆင်ပြီးဖြစ်သွားပေရာ လွတ်လပ်ရေး ...တ်နိမိတ်ကောင်းလည်းဖြစ်။

ရွေးကောက်ပွဲများ၌ တရားမျှတမှုမရှိ။ မလွတ်မလပ်၊ မမှန်မကန်လုပ်မှုများကို ထိုခေတ်စာနယ်ဇင်းများက ရေးသားဖော်ပြကြသည်။ မဲရှုံးသူများ၊ အတိုက်အခံများက ရွေးကောက်ပွဲမသမာမှုများကို ဖော်ထုတ်ကြေညာကြသည်။ ရွေးကောက်ပွဲအပြီး မကျေနပ်သူတို့ဘက်က စွဲဆိုတင်ပြသည့် ကန့်ကွက်လွှာများကို ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်သော ရွေးကောက်ပွဲခုံရုံးမှတ်တမ်းများတွင်လည်း ဖတ်ရှုလေ့လာနိုင်ကြသည်။

၂၀၀၈ ခုနှစ် မေလအတွင်း ကျင်းပသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် လွတ်လပ်မျှတ၊ သန့်ရှင်း၍ ထင်သာမြင်သာရှိသော မဲပေးစနစ်ကျင့်သုံးခဲ့သည်။ ပြည်လုံးအနှံ့လိုက်၍ လေ့လာကြသည့် သံတမန်များကပင် လက်ဖျားခါ ချီးကျူးခဲ့ရသည်။ မဲရုံစဖွင့်သည်နှင့် မဲပေးရန် ရောက်နေသူများကို မဲရုံတွင်းဖိတ်ခေါ်ကာ မဲပုံးများကို စိတ်ကြိုက်စစ်ဆေးစေကာ၊ ထိုသို့ ပြည်သူမဲဆန္ဒရှင်တို့ ဖွင့်ကြည့်စစ်ဆေးပြီးသော မဲပုံးအလွတ်များကို မဲရုံအတွင်း အများမြင်နိုင်သောနေရာ၌ ထားရှိသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြ၍ မဲလက်မှတ်ထုတ်ယူ၊ လျှို့ဝှက်ခန်းအတွင်းဝင်ကာ စိတ်ကြိုက်(လွတ်လပ်စွာ) ဆန္ဒမဲပေးအမှတ်အသား(ထောက်ခံလျှင် အမှန်အမှတ်အသား ✔၊ကန့်ကွက်လျှင် ကြက်ခြေအမှတ်အသား ✘)ရေးခြစ်ဆန္ဒပေး၊ ထို့နောက် မဲပြားကို မည်သူမှမမြင်အောင် ခေါက်ချိုးခေါက်၊ လူမြင်ကွင်းမှ မဲပုံးထဲထည့်ခဲ့ရသည်။ ညနေ မဲရုံပိတ်ချိန် နောက်ဆုံးမဲလာပေးသူများဖိတ်ခေါ်၊ သူတို့ရှေ့တွင် မဲပုံးများဖွင့်၊ သူတို့ရှေ့တွင် မဲရေတွက်၊ မဲစာရင်းသွင်း၊ အိတ်ထဲထည့် မဲရုံမှူးက လက်မှတ်ရေးထိုး၊ ထို့နောက် အထက်ကော်မရှင်သို့ ထိုမဲလက်မှတ်အိတ်များ အများပြည်သူရှေ့ သွားပို့သည်။

ယခု ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ ၇ရက်နေ့၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကိုလည်း ပိုမိုလွတ်လပ်၊ မျှတ၊ သန့်ရှင်းစွာ၊ ထင်သာမြင်သာ ပုံစံဖြင့် ကျင်းပခဲ့သည်။ နိုင်ငံများစွာမှ ရွေးကောက်ပွဲမသမာမှုသတင်းများ ပလူပျံနေသည့်ကြားမှပင် သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများကိုယ်တိုင် အနီးကပ်လေ့လာမြင်တွေ့ရသမျှ ချီးကျူးကြသည်။ အာဆီယံအသင်း ဥက္ကဋ္ဌ၊ တရုတ်အစိုးရအပါအဝင် နိုင်ငံများစွာက ချီးကျူးခဲ့ကြသည်။

ယခင်က တည်ဆဲအစိုးရကို ဒီမိုကရေစီရွေးကောက်ပွဲဖြင့် တက်လာသည့် အစိုးရမဟုတ်၍ တရားမဝင်ဘာဘာညာညာပြောကြသည့် နယ်ချဲ့နိုင်ငံများမှ ပါးစပ်များ၊ ပြည်တွင်းမှ အဆိုးမြင်ဝါဒီပါတီပုဂ္ဂိုလ်များသည် ယခုပြည်သူတို့ စိတ်ကြိုက် မဲပေးရွေးကောက်ကြသည့် မြန်မာ့ရွေးကောက်ပွဲကို ကြိုဆိုကြရမည့်အစား ရွေးကောက်ပွဲကို သပိတ်မှောက်ကြ၊ မဲမပေးကြနဲ့ဟု ပြောလာကြပြန်သည်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံပြီးရေးဆွဲသော ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေအရ ရွေးကောက်ပွဲကျင်းပပေးခဲ့ခြင်း ဖြစ်သည်။

မဲရုံတိုင်း၌ လွတ်လပ်စွာ လျှို့ဝှက်မဲပေးနိုင်ကြပြီး လူမြင်ကွင်း၌ထားသည့် မဲပုံးအတွင်းထည့်ကြရသည်။ မဲရုံဖွင့်စတွင် မဲဆန္ဒရှင်များရှေ့မှောက်၌ မဲပုံးများကို ဖွင့်လှစ်စစ်ဆေးကြသည်။ မဲရုံပိတ်ချိန်ကိုယ်စားလှယ်လောင်းတို့ တရားဝင်တာဝန်ပေးထားသည့် မဲရုံကိုယ်စားလှယ်များရှေ့မှောက်တွင် မဲပုံးများဖွင့်၍ ရေတွက်ကြသည်။ သံတမန်များ၊ သတင်းထောက်များ ကြည့်ရှုလေ့လာစေခဲ့သည်။

၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီ(၁၀)ခုမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ပါတီစုံမှကိုယ်စားလှယ်များ၊ အလုပ်သမား၊ တောင်သူလယ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အသိပညာရှင်အတတ်ပညာရှင်များ၊ မြို့နယ်စုံဒေသစုံမှ တိုင်းရင်းသားစုံ ကိုယ်စားလှယ်များ တက်ရောက်သော အမျိုးသားညီလာခံမှချမှတ်ခဲ့သည့်မူများကို အခြေခံရေးဆွဲခဲ့သည်။ပြည်ထောင်စုတစ်ဝန်းလုံးမှ မဲပေးပိုင်ခွင့်ရှိသော ပြည်သူ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက မဲပေးခဲ့ကြပြီး မဲပေးသူအားလုံး၏ ၉၂ ဒသမ ၄၈ရာခိုင်နှုန်းက ထောက်ခံမဲပေးအတည်ပြုခဲ့သော အခြေခံဥပဒေလည်းဖြစ်သည်။

၂၀၁၀ရွေးကောက်ပွဲကြီးတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃၃၀)အနက် (၃၂၅)နယ်တွင်ကျင်းပခဲ့ရာ ရွေးကောက်ပွဲကျင်းပနိုင်သည့်ရာခိုင်နှုန်း ၉၈ ဒသမ ၄၈ရာခိုင်နှုန်းရှိသည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်(၁၆၈)နယ်ရှိရာ(၁၆၈)နယ်စလုံး၌ ရာနှုန်းပြည့်ကျင်းပနိုင်ခဲ့သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)မဲဆန္ဒနယ်(၆၇၃)နယ်အနက်(၆၆၁)နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၂ရာခိုင်နှုန်းရှိသည်။ တစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင် ၂၉သန်းကျော်ရှိသည့်အနက် ပြည်သူ့လွှတ်တော်အတွက် မဲပေးသူ ၂၂သန်းကျော် (၇၇ ဒသမ ၂၆ရာခိုင်နှုန်း)၊ အမျိုးသားလွှတ်တော်အတွက် မဲပေးသူ ၂၂သန်းကျော် (၇၆ဒသမ ၇၈ရာခိုင်နှုန်း)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးများအပါအဝင်)တွင် မဲပေးသူ ၂၁သန်း ၈သိန်းကျော် (၇၆ဒသမ ၆၂ရာခိုင်နှုန်း)ရှိသည်။ လွှတ်တော်သုံးရပ်စလုံးတွင် ခိုင်လုံသော မဲရရှိမှုရာခိုင်နှုန်းမှာ ၉၃ရာခိုင်နှုန်းခန့်စီ ရှိပေသည်။ မည်သူတွေက ရွေးကောက်ပွဲတွင် မဲမပေးရ၊ ကန့်ကွက်ကြဟု အော်ဟစ်နေစေကာမူ ပြည်သူကမိမိတို့၏ ဒီမိုကရေစီတာဝန်ကို ကျေပွန်ခဲ့ကြပေသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ ယင်းအခြေခံ ဥပဒေနှင့်အညီ ကျင်းပသည့် ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ ၇ရက်နေ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူးဆိုသူ၏ တစ်သွေးတစ်သံတစ်မိန့်ဖြင့် အသိအမှတ်မပြု၊ ဆန့်ကျင်သည်၊ ကန့်ကွက်သည်၊ သပိတ်မှောက်သည်ဟု တစ်ပါတီလုံးကမျက်စိမှိတ်ပြောဆို သွေးဖည်လာခြင်းသည် အခြေခံဥပဒေကို ထောက်ခံမဲပေးခဲ့သည့်(၂၅)သန်းကျော်သော ပြည်သူတို့၏ဆန္ဒကိုလည်းကောင်း၊ (၂၂)သန်းခန့်က မဲပေးရွေးကောက်သည့်ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကြီးမှ ပြည်သူ့ဆန္ဒကိုလည်းကောင်း ပြောင်ပြောင်တင်းတင်းပုတ်ခတ် စွပ်စွဲကန့်ကွက် ဆန့်ကျင်ရာ ရောက်ပေသည်။ တကယ့်ပြည်သူအများစု ဆန္ဒတည်းဟူသော ဒီမိုကရေစီအစစ်ကို ခြေဖြင့်ချနင်းပြလာကြခြင်းသာ ဖြစ်သည်။ ငါတို့အာဏာမရသမျှ ဘာအခြေခံဥပဒေ၊ ဘာရွေးကောက်ပွဲ၊ ဘာပြည်သူ့ဆန္ဒမှ မလိုချင်ဆိုသော ငို့ဘကရေစီသမားများကား ဒီမိုကရေစီ ဖောက်ထိုးများဟုသာ ဆိုရပေတော့မည်။

ပြည်ပြေးများအတွက် ဒေါ်လာပုံအောတည်ထောင်ပေးထားသည့် DVB၊ RFA အပါအဝင် ပြည်ဖျက် မျိုးဖျက်မီဒီယာများက ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကျင်းပဆဲ၊ ကျင်းပပြီးကာလတစ်လျှောက် ရွေးကောက်ပွဲမမျှတ၊ မမှန်ကန်မှု မျက်စိမှိတ်အော်နေခဲ့ကြသည်။ မြန်မာပြည်သူများကို နယ်ချဲ့များနှင့် ပုဆိန်ရိုးလက်ပါးစေ၊ လက်ဝေခံများက အထင်သေးကာ အမဲဖမ်းလေ့ရှိသည်။ သို့သော် ပြည်သူတို့သည် အရေးကြီးလျှင် သွေးစည်းမြဲ၊ အရေးကြုံလျှင် သက်လုံကောင်းမြဲ၊ မိမိတို့၏ လွတ်လပ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် (ဝံသာနုရက္ခိတ)မျိုးစောင့်တရားဖြင့် ကိုယ့်နိုင်ငံကိုယ့်လူမျိုးကောင်းကျိုးအတွက် ယတိပြတ်ဆုံးဖြတ်လုပ်ဆောင်ခဲ့ကြသည်သာတည်း။

ကြိုတင်မဲများဖြင့် အနိုင်ယူသွားလိမ့်မည်ဟု မီဒီယာများကကြိုတင်ဟန့်တား ဖိအားပေးလာကြသည်။ ကြိုတင်မဲဟူသည် ဥပဒေကခွင့်ပြုထားသည့် ပြည်တွင်း ပြည်ပသို့ တာဝန်ဖြင့်သွားရောက်သူ၊ ခရီးထွက်သူ၊ ဆေးရုံတက်နေရသူ၊ အိပ်ရာထဲလဲနေသူ၊ မသန်စွမ်းသူ၊ အိုမင်းသူ စသည့် ရွေးကောက်ပွဲနေ့၌မဲရုံသို့ မဲလာမပေးနိုင်သူများ ဒီမိုကရေစီအခွင့်အရေး လက်မလွတ်ရအောင် စီစဉ်ပေးရသော ဥပဒေအခွင့်အရေးသာဖြစ်သည်။ လက်တွေ့၌ ကြိုတင်မဲများတွင် ပါဝင်ယှဉ်ပြိုင်သောပါတီစုံမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလများကို ထောက်ခံသော မဲအများအပြား ပါဝင်သည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တစ်ဦးချင်းမဲရရှိမှု အခြေအနေ(အသေးစိတ်မဲစာရင်း)များ၌ တွေ့နိုင်၏။

၂၀၁၀ ရွေးကောက်ပွဲရလဒ်ကား ဒီမိုကရေစီအသီးအပွင့်ပင်ဖြစ်၏။ နိုင်ငံတာဝန်ကို မလွှဲမရှောင်သာယူထားရသည့် တပ်မတော်အစိုးရပုံစံမှ ပြည်သူရွေးကောက်သော ဒီမိုကရေစီအစိုးရသစ်ပုံစံသို့ ကူးပြောင်းသော ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အလမ်းကြီးဖြစ်၏။ ကျင်းပပြီးခဲ့သော ရွေးကောက်ပွဲ၌ အကြမ်းဖက်မှု လုံးဝမရှိ၊ လွတ်လပ်၏၊ ပွင့်လင်း၏၊ တရားမျှတ၏။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာ သက်ဝင်လာတော့မည် ဖြစ်သည်။ ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲကာ အချုပ်အခြာအာဏာတည်းဟူသော မြန်မာတို့၏လွတ်လပ်ရေးသရဖူတွင် ဒီမိုကရေစီ ပြည်တန်ပတ္တမြားကြီး တပ်ဆင်ပြီးဖြစ်သွားပေရာ လွတ်လပ်ရေး ထာဝရ တည်တံ့ခိုင်မြဲမည့် အတိတ်နိမိတ်ကောင်းလည်း ဖြစ်ကြောင်းပါခင်ဗျာ။ ။

တွဲလက်ညီစို့

❑ သတိပေါ့ယွင်း၊ ခဏချင်းဝယ်
လက်တွင်းသူ့အောက် ရောက်နိုင်၏။

❑ သူ့အောက်ရောက်မှ၊ လူးလွန့်ထမူ
မရချိန်တာ ကြာတတ်၏။

❑ ဟိုယခင်ရှေး၊ ပြန်ပြောင်းတွေးက
သွေးသက်များစွာ၊ ရင်းနှီးကာဖြင့်
ရှည်ကြာနှစ်များ၊ ဒို့ဘိုးဘွားတို့
အားမာန်နှင့်ခွင်း၊ တိုက်ထုတ်ရှင်းမှ
သင်းတို့ဆုတ်ခွာ၊ မနေသာဘဲ
ပြည်ရွာလွတ်ရေးရခဲ့၏။

❑ ယနေ့သည်ကား၊ ယခင်များနှယ်
တစ်ပါးပြည်မှာ၊ ဘယ်မလာလည်း
ဩဇာဖြန့်ကြက်၊ အာဏာစက်ဖြင့်
လက်သစ်ကိုလိုနီ၊ နှောင်ဖွဲ့ချည်မည်
ကျွန်သည်ကျွန်သာ ဖြစ်တော့၏။

❑ မြန်မာ့မူဟန်၊ မြန်မာ့စံဖြင့်
မြန်မာဟူသည်၊ ဂုဏ်ဝင့်ထည်လျက်
ကိုယ့်ပြည်ကိုယ့်မင်း၊ ကိုယ့်အခင်းကို
ကိုယ်ချင်းညီစွာ၊ လက်တွဲကာဖြင့်
ရှည်ကြာခရီး ဆက်ကြအံ့....။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မောင်စိမ်းနောင်(လယ်ဝေး)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီးဒေါက်တာခင်မောင်ညွန့်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ခေတ်မီနည်းပညာများ အသာစီး ရရှိပြီးဖြစ်သည့် အင်အားကြီးနိုင်ငံများအနေဖြင့် ယင်းတို့၏ အကျိုးစီးပွားအတွက် ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများအပေါ် မီဒီယာနည်းလမ်းမျိုးစုံကို အသုံးပြုပြီး ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးစသည့် အကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြင့် ယင်းတို့၏ လက်အောက်ခံအဖြစ် သိမ်းသွင်းသော ခေတ်သစ်ကိုလိုနီဝါဒကို ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့မြင်နိုင်ကြမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာနိုင်ငံအလိုက် တည်ရှိပြီးဖြစ်သော အမျိုးသားရေးအတွေးအခေါ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာများ၊ ကိုယ်ပိုင်စရိုက် လက္ခဏာများကို မေးမှိန် ပျက်ပြယ်စေမည့် လွှမ်းမိုးမှုများ၊ တိုက်စားဝါးမျိုမှုများဖြင့်လည်း ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း။

ပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေရှိစေမည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်မှန်ကန်သည့် အမျိုးသားရေးမူဝါဒအဖြစ် ခံယူလျက် အမျိုးသားရေးဦးတည်ချက်များအဖြစ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ကာ တစ်မျိုးသားလုံးအကျိုးစီးပွားတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိရာ စာပေလောကသားများအနေဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပြည်တွင်း ပြည်ပဖြစ်ပေါ်ပြောင်းလဲမှုများကို ပြည်သူတစ်ရပ်လုံးမှန်ကန်စွာသိမြင်ပြီး အမျိုးသားရေးလမ်းကြောင်းပေါ်တွင် မယိမ်းမယိုင်ဆက်လက်လျှောက်လှမ်းနိုင်ရေး၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာပြီး တည်တံ့ခိုင်မြဲစေရေးတို့အတွက် စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်ရေးဆိုသည့် တာဝန်များသည် ယနေ့စာပေပညာရှင်များအတွက် မလွဲမသွေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်များဖြစ်ကြောင်း၊ ထို့အပြင် တိုင်းတစ်ပါး ယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာပြီး ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများ တိမ်ကောသွားစေမည့် အန္တရာယ်များကို စာပေစွမ်းအား၊ ကိုယ်ပိုင်အမျိုးသား ယဉ်ကျေးမှုစွမ်းအားများဖြင့် ဟန့်တားဖယ်ရှားပြီး နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် အခိုင်အမာတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

တိုက်တွန်းပြောကြား

ထို့ကြောင့် ပြည်သူများအသိအမြင် ဗဟုသုတကြွယ်ဝလာအောင်၊ အမျိုးသားရေးအမြင်ဖြင့် ရှုမြင်တတ်လာအောင် ပြည်ပမီဒီယာများ၏ သွေးထိုးမြှောက်ပင့်မှုများကို နားမယောင်ဘဲ အမှန်အတိုင်းရှုမြင်သုံးသပ်လက်ခံတတ်လာအောင် စာပေပညာရှင်များအနေဖြင့် မိမိတို့၏ စာပေစွမ်းအားဖြင့် ပြည်သူများအတွက် ထက်မြက်သွက်လက်စွာ အသုံးချပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"** ဆိုသည့် ပညာရေးဆောင်ပုဒ်နှင့်အညီ မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့်ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ရည်သန်သော မြန်မာ့ပညာရေးမျှော်မှန်းချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု အရှိန်အဟုန်သည် မြင့်မားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် ကျေးလက်နေပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှု မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်၏ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုသည်လည်း တစ်ပြေးညီ မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ရှာမှီးနိုင်ရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံးရှိ ကျေးရွာအားလုံးနီးပါး၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ကာလတွင် မိမိတို့ နိုင်ငံကို နိုင်ငံတကာနှင့် ပခုံးချင်းယှဉ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် သတင်းအချက်အလက် နည်းပညာကဏ္ဍများအပါအဝင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ပညာရေးနယ်ပယ်တွင် ကျောင်းသား ကျောင်းသူလူငယ်များကိုလည်း ခေတ်မီနည်းပညာ အတတ်ပညာရှင် ဘက်စုံထူးချွန်သူများအဖြစ် ကြိုးပမ်းအကောင်အထည်ဖော်ပေးလျက်ရှိချိန်တွင် စာပေပညာရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ပညာလူ့အဖွဲ့အစည်းကြီး ဖွံ့ဖြိုးရှင်သန်ရေးအတွက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ-

- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေးနှင့် ခေတ်မီနိုင်ငံတော်ပေါ်ထွန်းရေး လုပ်ငန်းစဉ်များတွင် စာပေစွမ်းအားဖြင့် ဝိုင်းဝန်းလက်တွဲဖော်ဆောင်သွားကြပါ။**
- **မြန်မာစာပေလောက၏ဂုဏ်ယူမြတ်နိုးဖွယ်ရာ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း မိမိတို့ဖြတ်သန်းလျက်ရှိသည့် မျက်မှောက်ခေတ် အမျိုးသားရေးဆိုင်ရာ စာပေတာဝန်များကို ကျေပွန်စေရေး ဆက်လက်ကြိုးပမ်းသွားကြပါ။**

စာမျက်နှာ ၁၁ ကော်လံ ၁သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး ပြည်ထောင်စုပန်းဥယျာဉ် ကလေးကဗျာများ စာအုပ်ဖြင့် အမျိုးသားစာပေ ကလေးစာပေဆုရ မင်းရွှေမင်း(အင်းစိန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း သစ်နည်းပညာအခြေခံ စာအုပ်ဖြင့် အမျိုးသားစာပေ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုရ ဖိုးဆွေ (သစ်လုပ်ငန်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဆူးမြနှင်းဆီ စာမူဖြင့် ဝတ္ထုရှည်ပထမဆုရ သုသိဏ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၉ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၁၀မှ

- **အမျိုးသားရေးဆိုင်ရာ ယုံကြည်ချက် ခံယူချက်များ တိုးပွားရှင်သန်စေမည့် စာကောင်းပေမွန်များ ပြည်သူများအကြား ပျံ့နှံ့ရောက်ရှိရေးအတွက် စာပေပညာရှင်၊ စာပေအင်အားစုများအားလုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စုစည်းညီညွတ်စွာ လက်တွဲကြိုးပမ်းသွားကြပါ** ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများဖြစ်ကြသည့် **"ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ"** စာအုပ်ဖြင့် ဝတ္ထုရှည်ဆုရ လက်ာရည်ကျော်၊ **"တံငါအသည်း မာရဲ့သလားဟေ့နှင့် အခြားဝတ္ထုတိုများ"** စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်ဆုရ မောင်ခြိမ့်၊ **"စိမ့်စမ်းရေကြည် ကဗျာများ"** စာအုပ်ဖြင့် ကဗျာပေါင်းချုပ်ဆုရ မောင်နီဝင်း (ပခုက္ကူ)၊ **"ဘာသာအမြင် စာပေအမြင်"** စာအုပ်ဖြင့် စာပဒေသာဆုရ မောင်ခင်မင် (ဓနုဖြူ) တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆုရ **"ကယန်းလူမျိုး ကယန်းဓလေ့"** စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ဦးကျော်သန်း(ဖယ်ခုံ)၊ **"ပြည်ထောင်စုပန်းဥယျာဉ်ကလေးကဗျာများ"**စာအုပ်ဖြင့် ကလေးစာပေဆုရ မင်းရွှေမင်း (အင်းစိန်)၊ **"သွေးနှင့်ရေနံ"** စာအုပ်ဖြင့် ဘာသာပြန်(သုတ) ဆုရ ရဲတင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆုရ **"ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ"** စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ)ဆုရ မကြန်(ကိုယ်စား) ဒေါ်တင်တင်မွေး၊ **"သစ်နည်းပညာအခြေခံ"** စာအုပ်ဖြင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုရ ဖိုးဆွေ (သစ်လုပ်ငန်း)၊ **"အသုံးချသတ္တုဗေဒပညာ"** (ပထမတွဲနှင့် ဒုတိယတွဲ) စာအုပ်ဖြင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဆုရ ဦးစောအောင်လှထွန်းတို့အား လည်းကောင်း၊ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိကြသည့် **"ဆူးမြနှင်းဆီ"** စာမူဖြင့် ဝတ္ထုရှည် ပထမဆုရ သုသိဏ်၊ **"ဂန္ထဝင်ချစ်ကြည် စတမ်းနဲ့လွမ်းရတဲ့မြို့သူ"** စာမူဖြင့် ဝတ္ထုရှည်ဒုတိယဆုရ ကိုယော (ဘောဂဗေဒ)၊ **"ဘဝပုခက်နှင့် ကကြိုးဆက်မည့် ရွှေလက်များ"** စာမူဖြင့် ဝတ္ထုရှည် တတိယဆုရ သိန်းဇော် (ရွှေလီဦး)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက ၂၀၀၉ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိကြသည့် **"ယင်ပေါင်စာတိုးရုံနဲ့ ယင်းကျိုးမယ်မောင်ကထင်နှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို ပထမဆုရ မောင်ခြိမ့်၊ **"လက်ရည်တစ်ပြင်တည်းနှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို ဒုတိယဆုရ မြေလတ်မင်းလွင်၊ **"နေညိုရင် အဖေကိုလွမ်းတယ်နှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို တတိယဆုရ ခင်လပြည့်ဝန်း၊ **"ပန်းစောင့်လိပ်ပြာကဗျာများ"** စာမူဖြင့် ကဗျာ ပထမဆုရ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ **"ဝတစ်လုံးနှင့် အပြုံးတစ်ရာ ကဗျာများ"** စာမူဖြင့် ကဗျာ ဒုတိယဆုရ မောင်ဟန်တင့် (ပင်လည်ဘူး)၊ **"အမေ့အမွေနှင့် အခြားကဗျာများ"** စာမူဖြင့် ကဗျာတတိယဆုရ လှိုင်ငွေအောင် (ရွှေတံတား)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့်က စာပေဗိမာန် စာမူဆုရရှိကြသည့် **"ပုံသဏ္ဌာန်မျိုးစုံ ရှေးဟောင်းမြန်မာ့မြို့ရိုးစနစ်ပုံ"**စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ)ပညာရပ် ပထမဆုရ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၊ **"ကိုလိုနီခေတ်ဦး မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု"** စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ)ပညာရပ် ဒုတိယဆုရ ဒေါက်တာချိုချိုတင့် (မြန်မာစာ)၊ **"ရှေးခေတ်ကျေးလက်သုံး ဆိုထုံးနှင့် စကားပုံများအဖွင့်"** စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ) ပညာရပ် တတိယဆုရ ရွှေဟသာ်(မန္တလေးတက္ကသိုလ်)၊ **"မြန်မာ့သစ်မွေး"** စာမူဖြင့် သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုရ သောင်းညွန့်သစ်၊ **"သိပ္ပံနည်းကျ လက်တွေ့အသုံးချ စပျစ်စိုက်ပျိုးရေးနည်းပညာရပ်"** စာမူဖြင့် သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ဒုတိယဆုရ အောင်စိုး (စိုက်ပျိုးရေး/၁၀၇)၊**"အသုံးချသစ်လုပ်ငန်းသချာ်"** စာမူဖြင့် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုရ ဖိုးဆွေ(သစ်လုပ်ငန်း) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်က စာပေဗိမာန် စာမူဆုရရှိကြသည့် **"ပြည်သူကြားသို့ အရောက်သွားခဲ့သော ဆေးကျောင်းသားတစ်ယောက်၏ ရသမှတ်တမ်း"** စာမူဖြင့် စာပဒေသာ ဒုတိယဆုရ နေမျိုးနွယ်၊ **"ဂျိန်ဖော့(ဂျိန်းဖော)သွေးချင်းတို့၏ ဘဝအလှ"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပထမဆုရ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ **"ရိုးရာထိန်းလျက် ဆန်းသစ်တီထွင် ယွန်းရွှေစဉ်"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဒုတိယဆုရ ဦးသောင်းထွန်း၊ **"ပထမမြန်မာနိုင်ငံတော်နှင့် ပုဂံရွှေနန်းတော်ကြီး"**စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ တတိယဆုရ ထူးထူးဝင်း (ရှေးဟောင်းသုတေသန)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်က စာပေဗိမာန်စာမူဆုရရှိကြသည့် **"သားရွှေစင် ကလေးကဗျာများ"** စာမူဖြင့် ကလေးစာပေ ပထမဆုရ ကန့်ဘလူခင်မောင်ဆွေ၊ **"မျိုးချစ်သူရဲကောင်းဖိုးအေးနှင့် အခြားဝတ္ထုတိုများ"**စာမူဖြင့် ကလေးစာပေ ဒုတိယဆုရ ခင်မောင်မြင့် (ရွှေဆယ်မြေ)၊ **"သမီးလေးရဲ့ မနက်ခင်းကလေးကဗျာများ"** စာမူဖြင့် ကလေးစာပေ တတိယဆုရ ဆွေသန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်က စာပေဗိမာန်စာမူဆုရရှိကြသည့် **"မိုးသောက်နေခြည်ဦး"** စာမူဖြင့် လူငယ်စာပေ ပထမဆုရ နေမျိုးသန့်၊ **"အိပ်မက်များရဲ့ မနက်ဖြန်"** စာမူဖြင့် လူငယ်စာပေ ဒုတိယဆုရ သွဲ့ထားညို(သက္ကလ)၊ **"ထက်မြက်စွမ်းအင်နှင့် လူငယ်ဝတ္ထုတိုများ"** စာမူဖြင့် လူငယ်စာပေ တတိယဆုရ ဝတ်ရည်ခင် (ပဲခူး)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက စာပေဗိမာန်စာမူဆုရရှိကြသည့် **"တစ်ပင်ကျိုးလျှင် နောက်နှစ်ပင်"** စာမူဖြင့် ပြဇာတ်ပထမဆုရ ငြိမ်းမင်း၊ **"နေနဲ့လ ပြဇာတ်"** စာမူဖြင့် ပြဇာတ်ဒုတိယဆုရ မောင်ဆန္ဒ(လယ်ဝေး)၊ **"လူငယ်အားမာန်နှင့် သားကောင်းရတနာပြဇာတ်"**များ စာမူဖြင့် ပြဇာတ်တတိယဆုရ တင်ထွန်းဦး (ယဉ်ကျေးမှု) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်က စာပေဗိမာန်စာမူဆု ရရှိကြသည့် **"နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ်(၂၀) ခရီး"** စာမူဖြင့် နိုင်ငံရေးစာပေ ဒုတိယဆုရ မြင့်စိုး(နတလ)၊ **"ရာသီဥတုထိန်းညှိပြုပြင်မှု"** စာမူဖြင့် ဘာသာပြန်စာပေ ပထမဆုရ ဒေါက်တာညွန့်ရွှေ (တောင်ကြီး) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေဆု ရရှိကြသူများကိုယ်စား ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်က ကျေးဇူးတင်စကားပြောကြားပြီး ဆုနှင်းသဘင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများနှင့်လည်းကောင်း၊ စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေစည့်သည်ဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း လက်ရည်တစ်ပြင်တည်းနှင့် အခြားဝတ္ထုတိုများ စာမူဖြင့် ဝတ္ထုတို ဒုတိယဆုရ မြေလတ်မင်းလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ပြည်သူကြားသို့ အရောက်သွားခဲ့သော ဆေးကျောင်းသားတစ်ယောက်၏ ရသမှတ်တမ်း စာမူဖြင့် စာပဒေသာ ဒုတိယဆုရ နေမျိုးနွယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တစ်ပင်ကျိုးလျှင် နောက်နှစ်ပင် စာမူဖြင့် ပြဇာတ်ပထမဆုရ ငြိမ်းမင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အမှတ်(၃)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး) Gear & Transmission Plant အတွင်း တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

အဆိုပါစက်ရုံ၏ Heavy Turbo Truck Assembly Shop ကို အိန္ဒိယသမ္မတနိုင်ငံ Tata Motors Ltd.၏ နည်းပညာအကူအညီဖြင့် ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး 20 ~ 40 Ton Heavy Turbo Truck (6 × 2 & 6 × 4) LHD မော်တော်ယာဉ်များကို တစ်နှစ်လျှင် အစီးရေ ၅၀၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

စက်ရုံ၏ Gear & Transmission Plant ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Inc. ၏ နည်းပညာအကူအညီဖြင့် ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီးGear & Transmission (750) Unit ကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)သည် ပြည်တွင်းစက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုနည်းပညာ နမူနာရယူနိုင်မည့်စက်ရုံဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး Heavy Turbo Truck ထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်ကြောင်းသိရသည်။

မကွေးစက်မှုနယ်မြေတွင် အကြီးစားမော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)၊ Gear & Transmission ထုတ်လုပ်မှုစက်ရုံ (မကွေး)၊ စက်မှုသင်တန်းကျောင်း(မကွေး)၊ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)၊ စက်နှင့် စက်ပစ္စည်းကိရိယာထုတ်လုပ်မှုစက်ရုံ(မြိုင်)နှင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၀ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ဒီဂရီစင်တီဂရိတ်စီနှင့် ကသာမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ဒသမ ၀၈လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇယမင်္ဂလ် (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **အသိစိတ်ကလေး အရင်းတည်၍**

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄)
၁၂:၂၀ ၅။ Golf Magazine (TV)
၁၂:၃၅ ၆။ မြန်မာရုပ်ရှင် **ဒူးမထောက်လက်မမြှောက်** ညွန့်ဝင်း၊အောင်အောင်၊ ဦးကျော်ကလုံး၊ နွဲ့နွဲ့မူ၊ဆွေဇင်ထိုက် (ဒါရိုက်တာ-ထူးကျော်)
၁၄:၃၅ ၇။ တေးဂီတအစီအစဉ်
၁၄:၅၀ ၈။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်း ရိုးရာအက
၄:၃၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ၊ရုသစာပေ၊အရှေ့တိုင်းပညာအထူးပြုများ) (ဒဿနိကဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၄)
၆:၄၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၁)
၇:၄၀ ၁၃။ **သမိုင်းမော်ကွန်းထွန်းသစ်ဝေစည်မြန်မာပြည်**(စားဝတ်နေရေး မြှင့်တင်ပေး အလေးထားဆောင်ရွက်ပြည်သူ့အတွက်)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၈၈)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၂၄)

ကံထူးရှင်များ ပေါ်ထွက်

ရန်ကုန် ဇန်နဝါရီ ၁

(၂၆၄)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၁၀၀၀

န-၅၈၂၉၂၅

ကျပ်သိန်း ၅၀၀

ဒ-၅၈၆၈၈၈

ကျပ်သိန်း ၃၀၀ဆုများ

ဇ-၆၆၂၂၁၂၊ ဆ-၉၂၄၁၄၉

ကျပ်သိန်း ၂၀၀ဆုများ

ဌ-၁၁၅၈၃၈၊ ဌ-၇၄၄၆၀၄၊ ပ-၅၁၉၂၀၇၊ ဌ-၉၂၃၀၀၃၊ င-၅၆၈၆၉၁

ကျပ်သိန်း ၁၀၀ဆု

(မင်္ဂလာစုံတွဲ)

ဋ - ၄၂၃၃၆၆ ၊ ဋ - ၄၃၃၆၁၃
ဃ- ၂၅၆၅၄၉ ၊ ဍ - ၉၉၄၁၆၈
ဈ- ၉၂၀၈၀၈ ၊ ဌ - ၃၉၃၈၀၂
န - ၉၀၀၄၃၃ ၊ ဒ - ၄၇၆၅၇၃
ဈ- ၂၇၄၄၅၃ ၊ ဍ - ၄၂၅၈၇၅
ဎ - ၉၃၅၇၈၈ ၊ ဍ - ၃၄၁၈၉၃
က-၅၃၁၉၂၉

အားကစားဖောင်ပိတ်သတင်း

၂၀၁၁ခုနှစ် နှစ်ဦး၌ မန်ယူတို့ နိုင်ပွဲရရှိ

❖ မောင်မောင်မြင့်ဆွေ ❖

လန်ဒန် ဇန်နဝါရီ ၁

ပရီမီယာလိဂ်ပွဲစဉ်များအဖြစ် ဝက်စ်ဘရွန်းနှင့် မန်ယူတို့ အပါအဝင် ပွဲစဉ်ရှစ်ပွဲကို ဇန်နဝါရီ ၁ရက်

မန်ယူအတွက် အဖွင့်ဂိုးကို ရွန်နေ(ယာ) ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူက ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ၂၀၁၁ ခုနှစ် နှစ်ဦးတွင် မန်ယူတို့ နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲစချိန်သုံးမိနစ်၌ ၁၀လကြာ ဂိုးမသွင်းနိုင်ခဲ့သော ရွန်နေက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ အိမ်ရှင်ဝက်စ်ဘရွန်းအတွက် ချေပဂိုးကို ၁၄မိနစ်၌ မိုရစ်ဆင်က သွင်းယူပေးခဲ့သည်။မန်ယူအတွက် အနိုင်ဂိုးကို ဟာနန်ဒက်ဇ်က ပွဲချိန် ၇၅မိနစ်၌ သွင်းယူပေးခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ၁၉ပွဲကစားပြီး ရမှတ် ၄၁မှတ်ဖြင့် တန်းစီဇယားထိပ်ဆုံး၌ ဦးဆောင်နေဆဲပင်ဖြစ်သည်။

အခြားပွဲရလဒ်များ

စပါး ၁ -၀ ဖူလ်ဟမ်
လီဗာပူး ၂ -၁ ဘော်လ်တန်
မန်စီးတီး ၁ -၀ ဘလက်ပူးလ်
စတုတ် ၂ -၀ အဲဗာတန်
ဆန်းဒါးလန်း ၃ -၀ ဘလက်ဘန်း
ဝက်စ်ဟမ်း ၂ -၀ ဝုလ်ဗာ

(အင်တာနက်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၀ခုနှစ် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ ဒီဇင်ဘာ ၃၀ နံနက် ၉နာရီကကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က စားပွဲတင်တင်းနစ် စတင်ကစားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြိုင်ပွဲများကို စတင်ကျင်းပပြီး(အောက်ပုံ) ညနေ ၄နာရီတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု ရရှိသော စိုးမြမြအေး (ကာကွယ်ရေး)၊ ဒုတိယဆုရရှိသော မြင့်မြင့်လှိုင် (ကာကွယ်ရေး)နှင့် တတိယဆု ရရှိသော အေးအေးမြင့် (ကာကွယ်ရေး) တို့အား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြမောင်ကလည်းကောင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု ရရှိသော အောင်ထွဋ် (ကာကွယ်ရေး)၊ ဒုတိယဆုရရှိသော နေအောင်ဝင်း (ကာကွယ်ရေး)နှင့် တတိယဆု ရရှိသော ကြည်မြင့် (ဘဏ္ဍာ/ အခွန်) တို့အား မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်ကလည်းကောင်း ဆုတံဆိပ်များနှင့်

ငွေသား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(တင်းနစ်အဖွဲ့ချုပ်)

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ ဒီဇင်ဘာ ၁၉ရက်က ရွှေဘိုမြို့နယ် တဂထာန်းကျေးရွာအုပ်စု ကွင်းအမှတ် (၃၀၀၂)၊ ဦးပိုင်အမှတ်(၅၇/၆)၊ ဧရိယာ ၃ ဒသမ ၂၂ဧကရှိ တောင်သူဦးကျော်ဝင်း၏ လယ်မြေတွင် ပေါ်ဆန်းဘေးကြား စပါးမျိုး စံကွက်အဆင့်အတန်းကောင်း ကိုယ်စားပြု စံကွက်ကို ရိတ်သိမ်းစဉ်။

(မြို့နယ်မြေစာရင်း)

မြဝတီရုပ်မြင်သံကြား

၂-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေးပဒေသာ
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၁၈)
၁၁:၂၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားနှင့်ရင်း၍**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၂၉)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၃၀ ၇။ မြန်မာ့ကျောင်း၊ တို့များစုံညီ ပွဲတော်ဆီ
၄:၃၅ ၈။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄:၄၅ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ **ရှေ့နေ** ရူပ၊ သန်းသန်းစိုး၊ ချောချော (ဒါရိုက်တာ-အာယု)
၆:၅၀ ၁၅။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၂၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ လျှပ်တစ်ပြက်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၁)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၆)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်တွင်းပြည်ပ ဖြစ်ပေါ်ပြောင်းလဲမှုများ ပြည်သူတစ်ရပ်လုံး မှန်ကန်စွာသိမြင်ပြီး အမျိုးသားရေးလမ်းကြောင်းပေါ် မယိမ်းမယိုင် ဆက်လက်လျှောက်လှမ်းနိုင်ရေး စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်ရေးမှာ စာပေပညာရှင်များ၏ သမိုင်းပေးတာဝန်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ *စာမျက်နှာ ၅ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး